ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ သောကြာနေ့၊ (23-1-2004) (၄၁၂၄)

ဗာဟုသစ္စ
တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

တွေ့ဆုံနှုတ်ဆက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) အဖွဲ့ ဥက္ကဋ္ဌ ဦးမထုနော်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ရှေ့ဆက်သွားမည့် လမ်းစဉ်ခုနစ်ရပ်ကို ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)အဖွဲ့ ကြိုဆို မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) အဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်၊ အတွင်းရေးမှူး ဦးဇော်ဆိုင်းနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဇော်ငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြင့်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းတံတား လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) အဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၃-၁-၂၀၀၄
(သောကြာနေ့)

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အားကြိုးမာန်တက် ဆက်လက် ပူးပေါင်းဆောင်ရွက်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်နေသည့်ကာလဖြစ်သည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိရာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏ အခန်းကဏ္ဍသည်များစွာအရေးပါလျက်ရှိသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ပြည်သူအားလုံးအပေါ် အကျိုးသက်ရောက်လျက်ရှိရုံမျှမက လူသားများအတွက် ပြောင်းမြောက်သည့် အနာဂတ်ကိုလည်း ဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့အဆင့်အတန်းမီ အခြေခံအဆောက်အအုံ ပိုမိုဖြစ်ထွန်းလာရေး၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ပိုမိုဖြစ်ထွန်းလာရေး၊ ပြည်တွင်းမှနည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးမြင့်မားလာစေရေးတို့အတွက် အားပေးကူညီပံ့ပိုးပေးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၁ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **မိမိတို့သည် ရရှိနေသည့် အောင်မြင်မှုများဖြင့် ကျေနပ်မနေဘဲ လုပ်ဆောင်စရာရှိသည်များကို ဆက်လက်ပြီး အားကြိုးမာန်တက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် ကွန်ပျူတာပညာရှင်များ၊ ဝါသနာရှင်များနှင့် လုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်ပြီး အင်အားကောင်းမွန်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန်** တိုက်တွန်းပြောကြားခဲ့သည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ ကို နည်းပညာလွှဲပြောင်းတပ်ဆင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် ပတ်သက်၍ ပြည်သူများအကြား အသိပညာပိုမိုတိုးတက်လာစေရေးနှင့် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အောင်မြင်မှုများပြသရေး ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ အောင်မြင်တိုးတက်မှုများ ရလျက်ရှိသည်။ သာဓကအားဖြင့် မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ စတင်၍ e-Passport များစတင် အသုံးပြုလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူများ လွယ်ကူစေရေးအတွက် e-Visa ကို ဇန်နဝါရီလ ၂၁ ရက်နေ့မှစပြီး အင်တာနက်ပေါ်မှ ရယူနိုင်မည်ဖြစ်သည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံတွင် လူငယ်များအတွက် သင်တန်းအမျိုးမျိုး ဖွင့်လှစ်ပေးလျက်ရှိသည်။ ထို့အပြင် ပြည်ပနိုင်ငံများသို့ပါ သွားရောက်၍ ပညာသင်ကြားလျက်ရှိသည့်အတွက် ကွန်ပျူတာနည်းပညာဆိုင်ရာ အတတ်ပညာရှင်များ၏ အရည်အသွေးတိုးတက်မြင့်မားရေးကို များစွာ အထောက်အကူ ပြုလျက်ရှိသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်း ကွန်ပျူတာတက္ကသိုလ်များ၊ ကောလိပ်များကို ဖွင့်လှစ်၍ ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။ ထို့အပြင် ကွန်ပျူတာပညာကို အခြေခံသည့် ခေတ်မီသင်ကြားမှု၊ သင်ယူမှုစနစ်များကို အခြေခံပညာ ကဏ္ဍမှစတင် ကျင့်သုံးလျက်ရှိသည်။ အထူးသဖြင့် အဆင့်မြင့်ပညာ ကဏ္ဍတွင် တက္ကသိုလ်နှင့် ကောလိပ်များ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အခြေခံသော ကွန်ပျူတာကွန်ရက်စနစ်ကို ထူထောင်ပေးခဲ့ရာ ပညာသင်ကြားမှုအပိုင်းတွင် များစွာအကျိုးဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အင်အားကောင်းမွန်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိရာတွင် ကွန်ပျူတာပညာရှင်များ၊ ဝါသနာရှင်များနှင့် လုပ်ငန်းရှင်များအားလုံးက သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အားကြိုးမာန်တက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ဘုရင့်နောင်လမ်းမ ကြို့ကုန်း သစ်တော ဦးစီးဌာနရုံးချုပ်ဝင်း တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ် အကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက သစ်တောမူဝါဒနှင့်အညီ လုပ်ဆောင်ကြရန်နှင့် ကျွန်းအထူးစိုက်ခင်း၊ အခြားသစ်တောစိုက်ခင်းမျိုးစုံ တည်ထောင်ခြင်းများအောင်မြင်ရေး၊ စနစ်တကျစာရင်းဇယားပြုစုထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအထောက်အကူပြု အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများထူထောင်ရေး၊ ရွှေ့ပြောင်းတောင်ယာနှင့် တရားမဝင်သစ်ထုတ်လုပ်မှုများ လျော့နည်းပပျောက်ရေး၊ သစ်တောသုတေသနလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဗန်းမော်ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ယင်းဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဦးခင်မောင်တင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပို့ဆောင်ရေးဒုတိယဝန်ကြီး ဦးဖေသန်း သိမ်ဖြူသင်္ဘောကျင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းသို့ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက သိမ်ဖြူသင်္ဘောကျင်း၏ လုပ်ငန်းတာဝန်များ လျာထားချက်များပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု၊သင်္ဘော တည်ဆောက်မှုနှင့် လွန်းတင်ပြင်ဆင်မှုများကိုလည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု) ဦးမြင့်သောင်းနှင့် ရေကြောင်းဌာနမှူးချုပ် ဦးအေးဗစ်ဂရင်းဒေါလ်တို့က ရေယာဉ်တည်ဆောက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စက်မှု) ဦးမျိုးသိန်းက ရေယာဉ်များမှတ်ပုံတင်ဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြုပြင်၊ တည်ဆောက်ထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တန်ချိန် ၁၀၀၀အလေးချိန်ရှိ ရေယာဉ်များ တည်ဆောက်မှုနှင့် ပြုပြင်လျက်ရှိသည့် ရေယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံအရှေ့ဘက်မုခ် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၂-၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက်အောင်မြင်ရရှိသူများကို ဆုချီးမြှင့်မည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ဆုများကိုလည်း ချီးမြှင့်မည်ဖြစ်သည်။ ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒုဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၂၂၁၉၇၊ ဦးခင်မောင်အေး ဖုန်း-၆၆၆၃၁၀၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၇၀၅၈၇၈နှင့် တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ငှက်ဖျားရောဂါတိုက်ဖျက်ရေးကွင်းဆင်းဆောင်ရွက်မှု သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားအဆင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးကွင်းဆင်းဆောင်ရွက်မှု စီမံခန့်ခွဲရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီတွင် အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံလမ်းရှိ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

- တက်ရောက် -

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနမှ စီမံချက်မန်နေဂျာများ၊ ငှက်ဖျားရောဂါဆိုင်ရာ ဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ပိုးမွှားစုံစမ်းရေးအရာရှိများ၊ သင်တန်းဆရာများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

- ပြောကြား -

အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန (ငှက်ဖျားရောဂါတိုက်ဖျက်ရေး) ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာစောလွင်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mr. Stephan Jost က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်နယ်နှင့်တိုင်းများမှ ငှက်ဖျားရောဂါဆိုင်ရာ ဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ပိုးမွှားစုံစမ်းရေးအရာရှိများ၊ ကွင်းဆင်းဆောင်ရွက်ရေးဝန်ထမ်းများ သင်တန်းသား ၂၀ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့
မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်
နေ့ရက်- (၂၅-၁-၂၀၀၄ ၂၆-၁-၂၀၀၄)
အချိန် - နံနက် (၇း၃၀ မှ ၁၁း၀၀)နာရီ
နေရာ - ပြည်သူ့ဥယျာဉ်
ဖုန်း - ၆၆၇၀၂၃၊ ၃၇၀၅၀၈

မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်ကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်များတွင် နေ့စဉ်နံနက် ၇နာရီခွဲမှ ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မုန့်ရောင်းပွဲတော်တွင် ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များက မြန်မာ့မုန့်မျိုးစုံကို ရောင်းချမည်ဖြစ်ပြီး မြန်မာတေးဂီတများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။ မုန့်ရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲလိုသူများ အနေဖြင့် ဖုန်း-၆၆၇၀၂၃ နှင့် ၃၇၀၅၀၈တို့သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဒါတွေကို သိဖို့လိုတယ်

- ✻ မြှောက်တိုင်းလည်း မမြှောက်နဲ့
- ✻ ခြောက်တိုင်းလည်း မကြောက်နဲ့
- ✻ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်စစ်ပွဲနှင့် ယင်းစစ်ပွဲ၏ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကြောင့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်အပေါ် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုမှာ သိသိသာသာကြီး လျော့နည်းကျဆင်းသွားခဲ့သည်ဟု မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ပြည်သူ့သဘောထားဆန္ဒ ကောက်ယူမှုစစ်တမ်းအရ သိရသည်။

အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက စစ်ဆင်နွှဲတိုက်ခိုက်ရန် ဆုံးဖြတ်ခြင်းမှာ တရားမျှတသည်ဟု သမ္မတဘုရှ်နှင့် ၎င်း၏အစိုးရအဖွဲ့တို့က မှားယွင်းသော အကြောင်းပြချက်များကို ပေးနေသည်ဟု ယုံကြည်သူဦးရေမှာ လွန်ခဲ့သည့် ငါးလအတွင်း ၁၀ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

၎င်းအပြင် သမ္မတဘုရှ်၏ အီရတ်နိုင်ငံအရေး ကိုင်တွယ်ဖြေရှင်းပုံမှာ လာမည့်ရွေးကောက်ပွဲတွင် သမ္မတဘုရှ်အား မဲမပေးချင်အောင်ဖြစ်နေသည်ဟု ယူဆသူဦးရေမှာ စက်တင်ဘာလက ၃၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၄၂ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

ဇန်နဝါရီ ၁၉ ရက်က အီရတ်နှင့်ကူဝိတ်နယ်စပ်တွင် အမေရိကန်အမှတ် ၁၈၇ ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များ တပ်ပြောင်းရွှေ့ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆန့်ကျင်

ဇန်နဝါရီ ၂၀ ရက်က အီရတ်နိုင်ငံ ဆမ်မာဝါမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲတစ်ရပ် ပြုလုပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသော အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် တိုက်ဂရစ်မြစ်ရိုးအတိုင်း ကင်းလှည့်လာသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၂၀ ရက်က အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်မြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဆမ်မာဝါမြို့ရှိ ဒတ်ချ်စစ်အခြေစိုက်စခန်း၏ ကင်းစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သမ္မတဂျော့ဂျ် ဒဗလျူ ဘုရှ်၏ မိန့်ခွန်း အမေရိကန်တို့အတွက်အဓိပ္ပာယ်မရှိသောကတိစကားများသာဖြစ်

ဇန်နဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်နိုင်ငံသားများက ကားများဖြင့် လှည့်လည်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် ဇန်နဝါရီ ၂၁

သမ္မတဂျော့ဂျ်၊ ဘုရှ်အား အိမ်ဖြူတော်မှ ဖယ်ရှားပစ်ရန် ကြိုးပမ်းနေသည့် ဒီမိုကရက်များက သမ္မတဘုရှ်၏ မိန့်ခွန်းမှာ အမေရိကန် ပြည်သူများအတွက် အဓိပ္ပာယ် မရှိသောမိန့်ခွန်းနှင့် ကတိစကားများသာလျှင် ဖြစ်ကြောင်း အင်္ဂါနေ့တွင် ပြတ်ပြတ်သားသား ဝေဖန်လိုက်သည်။

ထို့အပြင် သမ္မတဂျော့ဂျ်၊ဘုရှ် လုပ်ဆောင်ချက်များသည် အပေါင်းပါနိုင်ငံများနှင့် ကင်းကွာစေပြီး၊ အီရတ်စစ်ပွဲ ကုန်ကျစရိတ်အများစုကို အမေရိကန်ကသာ တာဝန်ယူရကာ အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံးစေသည့် ဆင်ခြင် မှုကင်းမဲ့သည့် နိုင်ငံခြားရေး မူဝါဒများကို ချမှတ်ကျင့်သုံးနေကြောင်း ဒီမိုကရက်များက စွပ်စွဲလိုက်သည်။

သမ္မတဘုရှ်၏ မိန့်ခွန်းမှာ သမ္မတအိမ်ဖြူတော် လသာဆောင် သို့မဟုတ် သမ္မတဂျော့ဂျ်၊ဘုရှ်အား ရန်ပုံငွေများ ပံ့အောပေးသူများ၏ တိုက်ခန်းများမှ ပုဂ္ဂိုလ်များအတွက် အားတက်ဖွယ်ရာများအဖြစ် မြင်ကောင်းမြင်နိုင်ကြောင်း၊ သို့သော် ရုန်းကန်နေရသော အမေရိကန် ပြည်သူများအတွက် သကာလောင်းထားသော ခါးသီးသည့် သမ္မတ၏ အစီအစဉ်များကိုသာ တွေ့ရမည်ဖြစ်ကြောင်း ဗားမောင့် အုပ်ချုပ်ရေးမှူးဟောင်း ဟောင်းဝပ်ဒင်းက ဝေဖန်ပြောကြားလိုက်သည်။

သမ္မတဘုရှ်သည် ၎င်း၏မိန့်ခွန်းရှည်တွင် အီရတ်စစ်ပွဲကို ကာကွယ်ပြောကြားသွားသည်။ အကြမ်းဖက်မှု၏ ဆက်လက် ခြိမ်းခြောက်နေခြင်းကို ရှင်းလင်းပြသသည်။ ပြည်တွင်းစီးပွားရေး တိုးတက်ရေးနှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးရေးကို ကတိပြုသည်။ အခွန်အကောက် အမြဲတမ်း ဖြတ်တောက်ရေးကို နှိုးဆော်ပြီး၊ ကျန်းမာရေးနှင့် ပညာရေး တိုးတက်မှုအတွက် သင့်တင့်သော ပဏာမခြေလှမ်းများကို ထုတ်ဖော်ပြောကြားသည်။

သို့သော် သမ္မတဘုရှ်သည် ချမ်းသာသူများ ပိုမိုချမ်းသာရေး မူဝါဒများကို ချမှတ်ပြီး၊ တစ်ချိန်တည်းမှာပင် သာမန်အမေရိကန်ပြည်သူများ၏ လိုအပ်ချက်များကို လျစ်လျူရှုလျက်ရှိကြောင်း ဒီမိုကရက်များက ထောက်ပြလိုက်သည်။

ဤနေရာ၌ မတူညီသည့်ကမ္ဘာနှစ်ရပ်ရှိသည်ဟု မိမိထင်မြင်ကြောင်း၊ ကမ္ဘာတစ်ခုမှာ သမ္မတကြီးပြောသည့် ကမ္ဘာဖြစ်ပြီး၊ နောက်ကမ္ဘာတစ်ခုမှာ မိမိတို့အမေရိကန်ပြည်သူများ နေထိုင်သည့် ကမ္ဘာဖြစ်ကြောင်းဖြင့် တနင်္လာနေ့က အိုင်အိုဝါ နိုင်ငံရေး အစည်းအဝေးများတွင် အနိုင်ရလိုက်သူ မက်ဆာချူးဆက် ပြည်နယ် အထက်လွှတ်တော် အမတ် ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

အုပ်ချုပ်ရေးအရာရှိချုပ်များ လစာတက်ပြီး ဝေါစထရိတွင် အမြတ်များရနေချိန်တွင် သာမန်အမေရိကန် ပြည်သူတစ်ဦးမှာ တစ်ဒေါ်လာ အပေါ်တွင် သုံးဆင့်လောက်သာ ပိုရရှိကြောင်း၊ အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ အလုပ်သမားများမှာ ထိခိုက်နစ်နာလျက်ရှိကြောင်း ဂျွန်ကယ်ရီက ထည့်သွင်းပြောကြား လိုက်သည်။

မြောက်ကာရိုလိုင်းနားပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျွန်စက်ဒွပ်ကလည်း သမ္မတဘုရှ်၏ မိန့်ခွန်းကို အမေရိကန် နှစ်နိုင်ငံအခြေပြ မိန့်ခွန်းဟု အမည်တပ်လိုက်သည်။

မိမိတို့ ပြည်ထောင်စုကြီး ခိုင်မာကြောင်း သမ္မတက ပြောသောအခါ မည်သည့် ပြည်ထောင်စုနည်းဟူ၍ မေးရန် လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သမ္မတဘုရှ်၏ ပြည်ထောင်စုမှာ ဝါရှင်တန်မှ အမတ်များကို စည်းရုံးသူများ၊ အထူးအတိုးနှုန်းနှင့် အမှုဆောင်အရာရှိချုပ်များ၏ ပြည်ထောင်စုဖြစ်ကြောင်း၊ သူတို့ တစ်တွေမှာ လိုသမျှ အရာအားလုံး၊ လိုအပ်သည့်အချိန်တွင် ရရှိနေကြကြောင်း ဂျွန်အက်ဒွပ်က ပြောကြားလိုက်သည်။ သမ္မတဘုရှ်က မိစ္ဆာဝန်ရိုးတန်းနိုင်ငံဟူသော ဝေါဟာရဟုထွင်ပြီး နှစ်နှစ်အတွင်းတွင် မိမိတို့အနေဖြင့် မိစ္ဆာဝန်ရိုးတန်း ဘဏ္ဍာရေး မူဝါဒနှင့် ကြုံတွေ့လာရကြောင်း အငြိမ်းစားဗိုလ်ချုပ်ကြီး ဝစ္စလီကလပ်က ဝေဖန်လိုက်သည်။

မိမိတို့အနာဂတ်ကို ခြိမ်းခြောက်သည့် မူဝါဒများ မိမိတို့ လုံခြုံရေးကို ခြိမ်းခြောက်သည့် နိုင်ငံခြားရေး မူဝါဒနှင့် မိမိတို့ မိသားစုများကို ငတ်သေစေမည့် ပြည်တွင်းရေးရာ မူဝါဒများကို သမ္မတ ဘုရှ်ချမှတ်ခဲ့ကြောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီး ကလပ်က ပြောကြားလိုက်သည်။

အမေရိကန် ကွန်ဂရက်တွင် သမ္မတဘုရှ်အနေဖြင့် တစ်ကိုယ်တော် ဆုံးဖြတ်သည့် နိုင်ငံခြားရေး မူဝါဒကျင့်သုံးပြီး ပြည်တွင်းစီးပွားရေးကို ညံ့ဖျင်းစွာကိုင်တွယ်ကြောင်းဖြင့် ဒီမိုကရက်များက ဝိုင်းဝန်းဝေဖန်ကြသည်။

အင်တာနက်။

အာဏာလွှဲပြောင်းရေးကိစ္စ ကုလသမဂ္ဂကြီးကြပ်ပေးရန် အီရတ်နိုင်ငံသားများက လိုလားနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံသားအများက ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံသို့ ပြန်လည်လာရောက်စေလိုပြီး ယခုနှစ်တွင် အမေ ရိကန်ဦးဆောင်သည့် ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့များထံမှ အာဏာလွှဲပြောင်းပေးရေးကို ကြီးကြပ်ပေးစေလိုကြသည်။

အာဏာလွှဲပြောင်းပေးရာတွင် ကမ္ဘာ့အဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂကသာ တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဟု အီရတ်နိုင်ငံသား အချို့က အင်္ဂါနေ့တွင် ပြောကြားကြသည်။ ဇွန် ၃၀ ရက်တွင် အီရတ်နိုင်ငံသားများထံသို့ အချုပ်အခြာအာဏာပိုင်မှု လွှဲပြောင်းပေးအပ်ရေး လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ရန် အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အား မေတ္တာရပ်ခံပြီးနောက် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

သို့ရာတွင် ဘဂ္ဂဒက်မြို့ရှိ အခြားဒေသများမှ အနည်းငယ်သော အီရတ်နိုင်ငံသားများကမူ ကုလသမဂ္ဂသည် အီရတ်နိုင်ငံကို ပစ်ပယ်ထားကြောင်း စွပ်စွဲပြောကြားကြပြီး ကုလသမဂ္ဂအနေဖြင့် အီရတ်အရေးတွင် မည်မျှအတိုင်းအတာအထိ ဩဇာလွှမ်းမိုးနိုင်မည်ကို မေးခွန်းထုတ်လာကြသည်။

ကုလသမဂ္ဂ၏ အတွေ့အကြုံရရှိရန် မိမိတို့အဖို့ လိုအပ်ကြောင်း၊ကုလသမဂ္ဂသည် နိုင်ငံအများအပြားတွင် ရွေးကောက်ပွဲများ ကျင်းပရာ၌ အကူအညီပေးနေကြောင်း စာပုံနှိပ်တိုက်တစ်တိုက်မှ အငြိမ်းစားဝန်ထမ်း တစ်ဦးဖြစ်သူ အသက် ၅၀ နှစ်အရွယ် မိုဟီအဗ္ဗဒူယာဆိုလ်က ပြောကြားသည်။

လွန်ခဲ့သည့် ဩဂုတ်လက ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၂ ဦး သေဆုံးခဲ့ရသော ကုလသမဂ္ဂသုံးထပ်အဆောက်အအုံ၏ မျက်နှာချင်းဆိုင်ဈေးတစ်ဈေးသို့ ဈေးဝယ်ထွက်လာစဉ် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းကားဗုံးပေါက်ကွဲမှုနှင့် အခြားတိုက်ခိုက်မှုတို့ကြောင့် အာနန်သည် နိုင်ငံတကာ ကုလသမဂ္ဂဝန်ထမ်းအားလုံးကို လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အရှိန်အဟုန်တိုးမြှင့်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး အီရတ်သို့ပြန်လာရန် လိုလားကြောင်း အခြားအီရတ်နိုင်ငံသားများက ပြောကြားသည်။

အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ရေးကို အတည်ပြုရန် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီ၏ ငြင်းပယ်မှုကို မထီမဲ့မြင်ပြုခဲ့ပြီးနောက် အမေရိကန်သည် ဇွန် ၃၀ ရက်တွင် ယာယီအစိုးရဖွဲ့စည်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးနိုင်မည်ဟု အာနန်နှင့်ကုလသမဂ္ဂတို့ကို မျှော်လင့်လျက် ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ငြိမ်းချမ်းရေး လှုပ်ရှားသူများက စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ကျင်းပနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်မြေပြင်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၃ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်စစ်ပွဲ စတင်ခဲ့ချိန်မှ ဇန်နဝါရီ ၂၁ ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၀၃ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ယင်းအနက်၃၄၇ဦးမှာ တိုက်ခိုက်မှုများကြောင့်ဖြစ်ပြီး ၁၅၆ ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းအတောအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၅ ဦး၊ အီတလီ ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တို့မှ တစ်ဦးစီတို့ သေဆုံးခဲ့ကြသည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က မေလ ၁ ရက်တွင် ကြေညာခဲ့ချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၆၅ ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၂၃၂ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၃၃ ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်စစ်ဌာနချုပ်တို့မှထုတ်ပြန်သည့် အစီရင်ခံစာများအရ သိရသည်။

အင်တာနက်။

အီရတ်၌စနေနေ့က သေဆုံးသည့် တပ်ဖွဲ့ဝင်သုံးဦးအနက် တပ်ဖွဲ့ဝင်နှစ်ဦးမှာ ဖလော်ရီဒါပြည်နယ်မှဖြစ်

မီယာမီ ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံ၌ စနေနေ့က အင်အားကြီးသော ဗုံးတစ်လုံး ပေါက်ကွဲပြီးနောက် ဘရက်လီ တိုက်ခိုက်ရေးယာဉ် မီးလောင်ပျက်စီးပြီး သေဆုံးရသည့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးအနက် နှစ်ဦးမှာ ဖလော်ရီဒါပြည်နယ် ဇာတိများဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

၎င်းတို့မှာ တပ်သားကော့ဒီဂျေအေ (၂၁နှစ်)နှင့် တပ်ကြပ်ကြီး အက်မန်လီရန်ဒဲ(၂၆ နှစ်) တို့ဖြစ်ပြီး ဘဂ္ဂဒက်မြောက်ဘက်ကြခင်းထဲတွင် ၎င်းတို့ စီးနင်းလိုက်ပါလာသည့် ဘရက်လီ တိုက်ခိုက်ရေးယာဉ် ဗုံးထိမှန်တိမ်းမှောက်ပြီး အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့်အတူ သေဆုံးသွားကြခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနက ကြေညာသည်။

အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ တပ်သားလာရီအီးပေါ်လီ ဖြစ်သည်။ ၎င်းတို့သုံးဦးမှာ တက္ကဆက်ပြည်နယ်ဖို့ဟုဒ်အခြေစိုက် အမှတ်(၄)ခြေလျင်တပ်မ အမှတ်(၂၀) စစ်မြေပြင်အမြောက်တပ်၊ အမှတ်(၂)တပ်ရင်းမှ ဖြစ်ကြသည်။

အီရတ်တွင်စစ်ဆင်ရေးများ စတင်ချိန်မှ တနင်္လာနေ့ထိ အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၅၀၁ ဦးရှိသွားပြီဟု အမေရိကန်စစ်ဘက် ကြေညာချက်အရ သိရသည်။ ***အင်တာနက်။***

ဗြိတိန်က ကလပ်စတာဗုံးများ အသုံးပြုမှုသည် စစ်ရာဇဝတ်မှုအဖြစ် ယူဆနိုင် နိုင်ငံတကာ တရားရုံးက ထပ်မံစုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်

လန်ဒန် ဇန်နဝါရီ ၂၁

အီရတ်စစ်ပွဲတွင် ဗြိတိန်နိုင်ငံက ကလပ်စတာဗုံးများ အသုံးချမှုသည် စစ်ရာဇဝတ်မှုတစ်ရပ်အဖြစ် ယူဆနိုင်ကြောင်းနှင့် ဟိဂ်မြို့ရှိ နိုင်ငံတကာ ရာဇဝတ်တရားရုံး(အိုင်စီစီ)က နောက်ထပ်စုံးစမ်းစစ်ဆေးသင့်ကြောင်း နိုင်ငံတကာ ရှေ့နေများအုပ်စုတစ်စုက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဇန်နဝါရီ ၁၉ ရက်က အီရတ်ခေါင်းဆောင်များ၏ ဓာတ်ပုံများကို ကိုင်ဆောင်ထားသည့် အီရတ် အမျိုးသမီးများ ဘဂ္ဂဒက်မြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံ၏ လုပ်ရပ်သည် တရားရုံးသို့ တင်ပြသင့်သည့်အမှု ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ဗြိတိန်၊ အိုင်ယာလန်၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံတို့မှ ရှေ့နေ ခုနစ်ဦးတို့သည် မျက်မြင်တွေ့ရှိသူများနှင့်တွေ့ဆုံမေးမြန်းခဲ့ပြီး သက်သေအထောက်အထားများကို စစ်ဆေးသုံးသပ်ခဲ့ကြောင်း ငြိမ်းချမ်းရေး အခွင့်အရေးအုပ်စုက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အရပ်သားများကို ထိခိုက်သေဆုံးစေသည့်မမျှမတအင်အား အသုံးပြုမှု အထောက်အထားများကို အတန်အသင့်မြင်တွေ့ရကြောင်း ရှေ့နေတစ်ဦးဖြစ်သူ လန်ဒန်မက်ထရိုပိုလီတန် တက္ကသိုလ်မှ ပါမောက္ခဘီလ်ဘိုးရင်းက ပြောကြားသည်။

အိုင်စီစီရှေ့မှောက်တွင် အမေရိကန်အား ရုံးတင်စစ်ဆေးနိုင်ခြင်း မရှိကြောင်း၊ အကြောင်းမှာ အမေရိကန်သည် အိုင်စီစီကို လက်မှတ်ရေးထိုးရန် ငြင်းဆန်နေခြင်းကြောင့်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံကမူ လက်မှတ်ရေးထိုးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ အိုင်စီစီတာဝန်ရှိပုဂ္ဂိုလ်များက ဝေဖန်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲအပါအဝင်ဝါရင့်နိုင်ငံရေးသမားများအနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု ဖြစ်နိုင်ကြောင်း ဘိုးရင်းက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ဖြစ်ပွားသည့် အီရတ်စစ်ပွဲတွင် အမေရိကန်နှင့် ဗြိတိန်တို့ ကြဲချခဲ့သည့် ကလပ်စတာဗုံး ၁၃၀၀၀ကြောင့် အရပ်သား ၁၀၀၀ ကျော် သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက လွန်ခဲ့သည့်လတွင် ပြောကြားခဲ့သည်။

ကလပ်စတာဗုံးများသည် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားရန် ဆင်နွှဲသည့် စစ်ပွဲတွင် နိုင်ငံတကာ ဥပဒေနှင့်အညီ အသုံးပြုသော တရားဝင်လက်နက်များဖြစ်ကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အစီရင်ခံစာကို ဗြိတိန်ရှေ့နေချုပ် ကော့ဒ်ဂိုးလ်စမစ်နှင့် အိုင်စီစီတို့ ထံတင်ပြမည်ဟု ဘိုးရင်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ပြဿနာနှင့် ဒေါ်လာငွေဈေး ကျဆင်းမှု လုံခြုံရေးနှင့် စီးပွားရေးကိစ္စများ ဆွစ်ဇာလန်၌ ဆွေးနွေး

ဒါဗော့စ် ဇန်နဝါရီ ၂၀

ကမ္ဘာ့နိုင်ငံများစွာမှ ဩဇာအရှိန်အဝါကြီးမားသူ ရာပေါင်းများစွာတို့သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗော့စ် ရွာကလေးသို့ ပြီးခဲ့သောဗုဒ္ဓဟူးနေ့က စုရုံးရောက်ရှိလာကြသည်။ ၎င်းတို့သည် အီရတ်နိုင်ငံပြဿနာ၊ အမေရိကန်ဒေါ်လာငွေတန်ဖိုး အားပျော့နေသည့် အခက်အခဲနှင့် အခြားကမ္ဘာ့အခက်အခဲပြဿနာများနှင့် ပတ်သက်၍ ငါးရက်တိုင်တိုင် နှီးနှောဆွေးနွေးကြမည်ဟုဆိုသည်။ ထိုအစည်းအဝေးမှာ(၃၃)နှစ်မြောက် ကမ္ဘာ့စီးပွားရေးနှီးနှောဆွေးနွေးပွဲ(ဒဗလျူအီးအက်ဖ်)ဖြစ်သည်။ ယခုအစည်းအဝေး၏ ဦးတည်ချက်သည် လုံခြုံရေးနှင့် သာယာဝပြောရေးဆိုသည်မှာ ငြိမ်းချမ်းမှုရှိရေးပင်ဖြစ်သည်ဟူသောဦးတည်ချက်ဖြစ်၏။

ပါဝင်တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အမေရိကန်ဒုတိယ သမ္မတဒစ်ချေနီ၊ အီရတ်နိုင်ငံရှိ အမေရိကန်အုပ်ချုပ်ရေးမှူးပေါလ်ဘရီမာ၊ အီရတ်အစိုးရအဖွဲ့ဝင်ဝန်ကြီးခြောက်ဦး၊ လစ်ဗျားဝန်ကြီးချုပ်ရှုကရီဂါနမ်တို့နှင့်အခြားအဆင့်မြင့်ပုဂ္ဂိုလ် ၂၀၀၀ ကျော်တို့ ပါဝင်တက်ရောက်ကြသည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံအရေအတွက် စုစုပေါင်းမှာ ၉၄ နိုင်ငံရှိသည်ဟု သတင်းများကဆိုသည်။

အစည်းအဝေးသို့ လစ်ဗျားနိုင်ငံသည် အနှစ်နှစ်ဆယ်ကျော်ကာလအတွင်း ပထမဦးဆုံးအကြိမ် တက်ရောက်လာခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံက ပြီးခဲ့သောနှစ် ဒီဇင်ဘာလတွင် ၎င်း၏ အဖျက်စွမ်းအား ကြီးမားသောလက်နက် အစီအစဉ်အားလုံးကို စွန့်လွှတ်ခဲ့သည်။ ထိုသို့ စွန့်လွှတ်သည်ကို အသိအမှတ်ပြုသောအားဖြင့် ယခုအစည်းအဝေးသို့ တက်ရောက်ခွင့်ရခြင်းဖြစ်ကြောင်း သတင်းများအရ သိရသည်။ အစည်းအဝေးကျင်းပရာ ရွာကလေးဝန်းကျင်တွင် နှင်းထုကြီးမှာ ၆၀ စင်တီမီတာအထိရှိပြီး အစည်းအဝေးပြင်ပတွင် လုံခြုံရေးများ တင်းကျပ်စွာ ချထားသည်။

အင်တာနက်။

ဒီမိုကရေစီစနစ် ဖြစ်ပေါ်ရေးကိုတားဆီးရန် အမေရိကန်ဖန်တီးနေဟု ဝေဖန်

အက်ဂျမန် ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံတွင် ဒီမိုကရေစီ မလွှမ်းမိုးနိုင်ရေး တားဆီးကာကွယ်ရန် အမေရိကန်သည်မတည်မငြိမ်ဖြစ်အောင် တမင်ဖန်တီးနေကြောင်းဖြင့် ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က ကုလသမဂ္ဂဆိုင်ရာ အီရတ်သံအမတ်ကြီး တာဝန်ထမ်းဆောင်ခဲ့သူ မိုဟာမက်အယ်ဒူရီက စွပ်စွဲလိုက်သည်။

ကုလသမဂ္ဂဆိုင်ရာ အီရတ်သံအမတ်ဟောင်း မိုဟာမက်အယ်ဒူရီက အေပီနှင့်တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်ပြီး ပြည်သူတို့က တိုက်ရိုက်ရွေးချယ်ပေးမည့် ရွေးကောက်ပွဲအစားခန့်အပ်သည့် အစိုးရအဖွဲ့အစည်းတစ်ရပ်ထူထောင်ရန် အမေရိကန်တို့၏ အစီအစဉ်ကို ပြစ်တင်ရှုတ်ချလိုက်သည်။

တမင်လှည့်ဖြား

ရွေးကောက်ပွဲကျင်းပပေးလျှင် အမေရိကန်နိုင်ငံအနေဖြင့် အီရတ်၏ကြွယ်ဝသော ရေနံနှင့် အချက်အချာကျသော ပထဝီအနေအထားကိုလက်လွှတ်ဆုံးရှုံးသွားနိုင်သည့်အတွက် အမေရိကန်တို့က တမင်လှည့်ဖြားဖန်တီးနေခြင်းဖြစ်သည်ဟုလည်း ၎င်းက စွပ်စွဲလိုက်သည်။

ပိုမိုသင့်လျော်

မည်သို့ပင်ဖြစ်စေ ခန့်အပ်သည်ထက် ပြည်သူတို့ကရွေးကောက်ပွဲဖြင့် ရွေးချယ်မှုမှာ ပိုမိုသင့်လျော် ကောင်းမွန်ကြောင်း မိုဟာမက်အယ်ဒူရီက ပြောကြားလိုက်သည်။

မိမိအနေဖြင့် အရေးကြီးသည်မှာ အီရတ်နိုင်ငံ တည်ငြိမ်ရေးဖြစ်ကြောင်း၊ လူနည်းစု၊ လူများစုက ပြဿနာမဟုတ်ကြောင်း၊ ပြည်သူတို့ကမဲပေးရွေးချယ်လျှင် ရှီးယားဖြစ်စေ၊ သို့မဟုတ် ကာ့ဒ်ပင်ဖြစ်စေ မိမိလက်ခံနိုင်ကြောင်း ၎င်းကရှင်းလင်းပြောဆိုသည်။

အင်တာနက်။

အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့ အဆောက်အအုံကို အီရတ်ခုခံတွန်းလှန်သူများ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံမှ ခုခံတွန်းလှန်သူများသည် ရော့ကက်ဟုယူဆရသည့် ဒုံးကျည်တစ်စင်းဖြင့် ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့တည်ရှိရာ အဆောက်အအုံတစ်ခုကို အင်္ဂါနေ့က ပစ်ခတ် တိုက်ခိုက်ခဲ့ရာ လူတစ်ဦးဒဏ်ရာရရှိသည်ဆိုသော အတည်မပြုရသေးသည့် သတင်းများထွက်ပေါ်ခဲ့ကြောင်း အမေရိကန်ကြည်းတပ်က ပြောကြားသည်။

ဒုံးကျည်ကျရောက်

အီရတ်နိုင်ငံရှိ အရပ်ဘက်နှင့် စစ်ဘက်အုပ်ချုပ်ရေးအဖွဲ့ အခြေစိုက်ရာ ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်နယ်မြေအတွင်းမှ အဆောက်အအုံတစ်ခုဖြစ်သည့် ရာရှစ်ဟိုတယ်အနီးသို့ ဒုံးကျည်ကျရောက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ခန့်မှန်းခြေ အင်္ဂါနေ့ ည ၉ နာရီမိနစ် ၄၀ခန့် တွင် ရော့ကက်ဟုယူဆရသည့် ဒုံးကျည်တစ်စင်းသည် ရာရှစ်ဟိုတယ်အနီးတစ်ဝိုက်တွင် ကျရောက်ခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုတွင် လူတစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အတည်မပြုရသေးသည့် သတင်းများအရ သိရှိရကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်း တိုက်ခိုက်မှုကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးမှု မရှိကြောင်း ၎င်းက ပြောကြားသည်။

တိုးမြှင့်ပြုလုပ်

အီရတ် ခုခံတွန်းလှန်သူများသည် ဘဂ္ဂဒက်မြို့ တိုက်ဂရစ်မြစ်ကမ်းနံဘေးရှိ အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ ခြံဝင်းကို မကြာသေးမီလများအတွင်းက မော်တာများ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်ခဲ့သည်။

ယင်းခြံဝင်းသည် ယခင်က ဆက်ဒမ်ဟူစိန်၏ နန်းတော်များအနက် တစ်ခုဖြစ်သည်။

အမ်အင်အေ။

ဇန်နဝါရီ ၂၀ ရက်က အီရတ်နိုင်ငံတောင်ပိုင်း အမ်မရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သတင်းအချက်အလက်နည်းပညာ သမိုင်းကြောင်းလေ့လာသုံးသပ်ချက်

အောင်
(မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ယမန်နေ့မှအဆက်

နိုင်ငံတကာဆက်သွယ်ရေး

နည်းပညာကူးပြောင်းရောက်ရှိရေးနှင့် လုပ်ငန်းအမြင်ချင်းဖလှယ်နိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ရန် ရည်မှန်း၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် CICC (Center of International Cooperation for Computerization) Japan နှင့် ပူးပေါင်း၍ ဂျပန်နိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ Information Technology တိုးတက်ဖွံ့ဖြိုးမှုကို ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခြင်း၊ ကွန်ပျူတာများပံ့ပိုးခြင်း၊ International Technology ဆိုင်ရာ International Conferenceများ ကျင်းပခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Asian Oceanian Computer Industry Organization (ASOCIO) ၏ Associate Mcmber အဖြစ် နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲများတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် အာရှတိုက် တိုင်းပြည်များရှိ ကွန်ပျူတာလုပ်ငန်းရှင်များအတွင်း ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပြီး ASOCIO Office Meeting ကိုလည်း မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် အိန္ဒိယနိုင်ငံမှ Confederation of India Industry (CII)၊ မလေးရှားနိုင်ငံ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဖလှယ်ခြင်းနှင့် ကွန်ပျူတာ လုပ်ငန်းများအကြား ဆက်သွယ်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Association For Oversea Technical Scholarship (AOTS) Japanနှင့် ပူးပေါင်း၍ Information Technology ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ e-Learning Center တွင် သင်တန်းများပို့ချခြင်း၊ Japan နိုင်ငံသို့ On-Job Training(OJT) ပို့လွှတ်ခြင်း၊ ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Japan Information Technology Engineer Certification Examination Centerနှင့် ပူးပေါင်း၍ JITEC စာမေးပွဲများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Myanmar Economic & Management Institute (MEMI)နှင့် IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံခြားမှပညာရှင်များဖြင့် သင်တန်းများပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

IT ပညာရေးနှင့် HRD

မြန်မာနိုင်ငံတော်တွင် ကွန်ပျူတာပညာသင်ကြားမှုကို ၁၉၇၁ ခုနှစ်၌ တက္ကသိုလ်များ သင်္ချာတွက်စက်ဌာန၊ Universities Computer Centre (UCC) တွင် ICL 1902S Mainframeကို တပ်ဆင်ကာ စတင်ခဲ့ပါသည်။ တက္ကသိုလ် မဟာကျမ်းပြုလုပ်ငန်းများ၊ အစိုးရရုံးအဖွဲ့ လုပ်ငန်းများတွင် အသုံးချနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် M.Sc (Computer Science) နှင့် ဘွဲ့လွန်ဒီပလိုမာဖြစ်သော D.A.C (Diploma in Automatic Computing) ယခု D.C.Sc (Diploma in Computer Science) ကို စတင်သင်ကြားပေးခဲ့ပါသည်။

၁၉၈၄ ခုနှစ်ပိုင်းတွင် အလတ်စားဖြစ်သော PDP11/70 Digital မီနီကွန်ပျူတာကို UCC ၌ တပ်ဆင်အသုံးပြုခဲ့ပြီး ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် PC (Personal Computer) အငယ်စားများကို တပ်ဆင်အသုံးပြုလာခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများဖြစ်သော B.Sc, (CS) ကွန်ပျူတာနည်းပညာသင်တန်းများကို စတင်ခဲ့ပြီး UCC ကိုလည်း ၁၉၈၈ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကွန်ပျူတာတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းပေးခဲ့ပါသည်။

နှစ်စဉ် M.Sc, (CS) မဟာသိပ္ပံသင်တန်းသို့ ၁၅ ဦး၊ D.A.C ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ ၂၀ ဦးစီကိုသာ ဝင်ခွင့်ပြုခဲ့ပါသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ M.Sc, (CS) ဘွဲ့ရသူ ၁၆၃ ဦးရှိခဲ့ပြီး နောက်ပိုင်း တိုးချဲ့ဖွင့်လှစ်ခဲ့သော မဟာသင်တန်းများဖြစ်သည့် M.I.Sc (Information Science)၊ M.C.Sc (Computer Science) M.C. Tech (Computer Technology)တို့ကို ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ D.A.C ဒီပလိုမာရသူ ၃၂၉ ဦးရှိခဲ့ပြီး ပြောင်းလဲခေါ်ဝေါ်ခဲ့သည့် D.C.Sc ဒီပလိုမာသင်တန်းကို ၁၉၉၃ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပါသည်။

ပြင်ပ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်မှု အထောက်အကူအဖြစ် အချိန်တိုသင်တန်းများကိုသာ ဆောင်ရွက်ပေးနိုင်ပြီး အဆင့်မြင့်ကွန်ပျူတာပညာရပ်များအတွက် ကွန်ပျူတာတက္ကသိုလ်ကသာ Focal Point အဖြစ် ရပ်တည်နေနိုင်ဆဲဖြစ်ပါသည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ကွန်ပျူတာတက္ကသိုလ်ကို ပညာရေးဝန်ကြီးဌာနလက်အောက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရာ ကွန်ပျူတာပညာ သင်ကြားခွင့်ကို ပို၍ကျယ်ပြန့်စွာဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

နှစ်စဉ် ကွန်ပျူတာတက္ကသိုလ် ဝင်ခွင့်ဦးရေမှာ ၉၀ ဦးခန့်သာရှိခဲ့ရာမှ ၁၉၉၇-၉၈ မှစ၍ တစ်နှစ်လျှင် ၂၀၀ ဦးခန့် လက်ခံနေပြီဖြစ်ပါသည်။ ထို့အပြင် အထက်မြန်မာနိုင်ငံမှ လူငယ်များ သင်ကြားခွင့်ရရှိစေရန်အတွက် မန္တလေးကွန်ပျူတာတက္ကသိုလ်ကို ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် အသစ်ဖွင့်လှစ်ခဲ့ပြီး ပထမနှစ်ကျောင်းသားများအား လက်ခံသင်ကြားပေးနေပြီဖြစ်ရာ နောင်ပညာသင်နှစ်များတွင် မန္တလေး ကွန်ပျူတာတက္ကသိုလ်၌လည်း ၂၀၀ ဦးစီဝင်ခွင့်ပေးရန် လျာထားပြီးဖြစ်ပါသည်။

ကွန်ပျူတာတက္ကသိုလ်များအနေဖြင့်လည်း ဘွဲ့ကြိုဒီပလိုမာ သင်တန်းများဖြစ်သော ဘွဲ့ကြိုကွန်ပျူတာ စက်ပြုပြင်ထိန်းသိမ်းရေးဒီပလိုမာ Dip. C.M (Diploma in Computer Maintenance)နှင့် ဘွဲ့ကြိုကွန်ပျူတာ အသုံးချဒီပလိုမာ Dip. CS. (Diploma in Computer Studies) တို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာပညာရေးနှင့်ပတ်သက်၍ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ ကွန်ပျူတာကောလိပ် ၂၄ ခုတို့မှာ ပုံမှန်ပညာရေး အစီအစဉ်များနှင့် သင်ကြားပေးနေသည်။ ဘွဲ့သင်တန်းသုံးနှစ်၊ မဟာဘွဲ့သင်တန်းနှင့် ပါရဂူသင်တန်းများ ဖွင့်လှစ်ထားသည်။ ရန်ကုန်မှအပ နယ်အသီးသီးတွင် အစိုးရကွန်ပျူတာ အောင်လက်မှတ် (GCCE) သင်တန်းများလည်း ဖွင့်လှစ်ထားသည်။ အခြေခံပညာအထက်တန်း အောင်မြင်သူများအနက် ကွန်ပျူတာတက္ကသိုလ်သို့ တိုက်ရိုက်ဝင်ခွင့်မရသောသူများကို သတ်မှတ်ချက်အလိုက် တက်ရောက်သင်ကြားခွင့်ပြုထားသည်။

ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်ထားသော ပါရဂူဘွဲ့သင်တန်းများတွင် နိုင်ငံတကာမှ ပါမောက္ခများက အဝေးမှသင်ကြားပို့ချခြင်းကို ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သင်ကြားပေးပြီး မရှင်းသည်များကို မေးမြန်းနိုင်သည်။ ဆွေးနွေးနိုင်သည်။ ပါရဂူဘွဲ့သင်တန်းသား ၄၅ ဦး သင်ကြားနေသည်။

ပညာရေးဝန်ကြီးဌာနကလည်း အိုင်တီပညာရေးအတွက် ဘွဲ့လွန် ကွန်ပျူတာသင်တန်း (M.Sc) များကိုပါ ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၂ ခုနှစ်ထဲမှာပင် ဖွင့်ခဲ့သည်။ စောစောပိုင်းကတည်းက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနဖြင့် ရိုးရိုး B.Sc. Computer ဘွဲ့သင်တန်းများကို ဖွင့်လှစ်ပြီး ၂၀၀၂ ခုနှစ်တွင် သတင်းစာမှာပင် ပထမနှစ်သင်တန်းများ ခေါ်ယူခဲ့သည်ကို တွေ့ရသည်။

အီလက်ထရောနစ်ပညာရေး

မြန်မာနိုင်ငံတွင် e-Education စနစ်ကို ထူထောင်ခြင်းဖြင့် ပညာရေးစနစ်တစ်ခေတ်ဆန်းသစ်ခဲ့ပြီး ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရှာမှီးလိုသူများ၊ နေရာဒေသမရွေး အချိန်မရွေး ပညာရှာမှီးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်များ၊ ကောလိပ်များ၌သာမက အခြေခံပညာကျောင်းများတွင်ပါ e-Education Learning Center များ Multimedia Class Room များကို ထူထောင်ဖွင့်လှစ်လျက် ရှိပါသည်။ ယင်းတို့တွင် ခေတ်မီ အီလက်ထရောနစ်ပစ္စည်းများ၊ Computer များတပ်ဆင်ကာ IT နည်းပညာများ အသုံးပြုလျက် သင်ကြားရေးလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ တတိယပတ်မှစ၍ စတင်နိုင်ခဲ့ပါသည်။

ပထမအဆင့်တွင် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်အခြေခံကျောင်း စုစုပေါင်း ၂၀၃ ကျောင်းဖြင့် စတင်ခဲ့ပြီး ယခုအခါနိုင်ငံအနှံ့တွင် Learning Center ပေါင်း ၄၅၀ ကျော် ထူထောင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ထုတ်လွှင့်မှုများကိုလည်း ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ စ၍ စတင်နိုင်ခဲ့ပါသည်။

Learning Center များသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် သင်ခန်းစာများကို ထုတ်လွှင့်ပေးရာတွင် Text, Graphic, Audio, Video, Presentation, Web Page စသည့် ပုံစံများဖြင့် Data Broadcasting System အရ ထုတ်လွှင့်ပေးပါသည်။ Learning Center အသီးသီးမှ ထုတ်လွှင့်ပေးသည့် သင်ခန်းစာများကို ထုတ်လွှင့်ပေးသည့်အချိန်တွင် တိုက်ရိုက်ဖမ်းယူလေ့လာကြည့်ရှုနိုင်သကဲ့သို့ ယခင်ထုတ်လွှင့်ခဲ့ပြီးသည့် သင်ခန်းစာများကိုလည်း Learning Center များတွင် သိမ်းဆည်းထားသည့် Computer Sever များမှလည်းကောင်း၊ CD ခေတ်ပြားများ (သို့) Video Tapeများဖြင့် ကူးယူသည်များကိုလည်း ပြန်လည်လေ့လာ ကြည့်ရှုနိုင်ပါသည်။

သင်ခန်းစာပို့ချနေသည်ကို တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်သည့် အချိန်တွင် လေ့လာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများက မရှင်းလင်းလျှင် တယ်လီဖုန်းလိုင်းကို အသုံးပြု၍ ဆက်သွယ်မေးမြန်းနိုင်ပြီး သင်ကြားနေသည့် ဆရာများ ချက်ချင်းရှင်းလင်း ဖြေဆိုပေးမည့် Interactive Learning အစီအစဉ်လည်း ပါဝင်ပါသည်။

ယင်းသို့ ICT နည်းပညာများ အသုံးပြုသည့် e-Education စနစ်ကို ထူထောင်ခြင်းဖြင့် သင်ကြားမှု၊ သင်ယူမှုတို့ကို ပိုမိုထိရောက်စေသည့် အပြင် နေရာမရွေးသင်ကြားမှုပြုနိုင်သည့်အတွက် ပညာရေးအဆင့်အတန်းလည်း ပိုမိုမြင့်မားလာနိုင်မည် ဖြစ်ပါသည်။

Mandalay ICT Park

အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံ၌ ICT ကဏ္ဍ တစ်ပြိုင်နက်တိုးတက်ရန် ရည်ရွယ်ပြီး မန္တလေးမြို့တွင် မြန်မာနိုင်ငံ၏ ဒုတိယ ICT Park ကို ဖွင့်လှစ်နိုင်ရန် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကြိုးပမ်းခဲ့ရာ ခြောက်လအတွင်း ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

Mandalay ICT Park မှာ ရတနာပုံဈေး၊ တတိယထပ်တွင် တည်ရှိပြီး အခန်းပေါင်း ၄၂ ခန်းပါရှိကာ Software Production သာမက Hardware Sales နှင့် Training ပါ အစုံအလင် ဆောင်ရွက်လျက်ရှိပြီး Electronic Market Place ကဲ့သို့ ဖြစ်ထွန်းလျက်ရှိပါသည်။

Mandalay ICT Park ဖွင့်လှစ်ပြီးနောက် မန္တလေးမြို့အား ဗဟိုပြုလျက် အထက်မြန်မာနိုင်ငံတွင် ICT ကို ပိုမိုရင်းနှီးကျွမ်းဝင်လာကြပြီး စိတ်ဝင်စားမှုရှိလာကာ ICT နှင့် ဆက်စပ်သောလုပ်ငန်းအားလုံး တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။

Cyber Cafe

နိုင်ငံတကာတွင် ပေါ်ထွန်းလျက်ရှိသော ICT ဖွံ့ဖြိုးတိုးတက်မှုတို့ကို အမီလိုက်နိုင်ရန်အတွက် ပြည်သူ တစ်ရပ်လုံးဆီသို့ ICT နည်းပညာနှင့် အခြားသော Reference များ အကန့်အသတ်မရှိ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်လျက် ၂၀၀၃ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ Cyber Cafe ဖွင့်ခွင့်လိုင်စင်များကို ခွင့်ပြုမိန့်အရ MICTDC မှ ချထားပေးခဲ့ပါသည်။

Cyber Cafe ဆိုသည်မှာ အများပြည်သူသုံး အင်တာနက်စနစ်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အင်တာနက် အသုံးပြုခွင့်ကို လွယ်ကူလျင်မြန် ဈေးနှုန်းချိုသာစွာ ရရှိနိုင်သော စနစ်ပင်ဖြစ်ပါသည်။ လူတစ်ဦးအနေဖြင့် ကွန်ပျူတာ၊ Internet Connection ၊ လျှပ်စစ်မီး ခွင့်ပြုမိန့် အစရှိသည်တို့မလိုဘဲ ငွေ ၅၀၀/၁၀၀၀ ကျပ် ရှိရုံနှင့် အင်တာနက်ကို အသုံးပြုနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့ နှစ်မြို့တွင် အင်တာနက်ကဖေး ဖွင့်ခွင့်လိုင်စင် ၂၀ ကျော်ကို ချထားပေးပြီး နောင်တွင်လည်း တိုးချဲ့ချထားပေးရန်နှင့်တကွ မြန်မာနိုင်ငံအနှံ့ အခြားသော မြို့ကြီးများ၌ပါ ဖွင့်ခွင့်ပြုသွားရန် စီစဉ်လျက်ရှိပါသည်။

Cyber Cafe များရှိ အင်တာနက်သည် ကန့်သတ်ထားမှုမရှိသော အင်တာနက်စနစ်ဖြစ်ပြီး အသုံးပြုသူများမှာ မှတ်ပုံတင်၍ အသုံးပြုရန်သာ ဖြစ်ပါသည်။

ICT Week

နှင်စဉ် MICT Park ဖွင့်ပွဲနှစ်ပတ်လည်နေ့တွင် မြန်မာ ICT Week အဖြစ် သတ်မှတ်ပြီး ကျင်းပခဲ့သည်မှာ ယခုအချိန်တွင် (၃)ကြိမ်မြောက် ဖြစ်ပါသည်။

အဓိကရည်ရွယ်ချက်များမှာ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ICT ကဏ္ဍဖွံ့ဖြိုး တိုးတက်မှုများကို ပြသရန်အတွက်လည်းကောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်လျက်ရှိသော ICT နည်းပညာနှင့် ပစ္စည်းများကို လေ့လာသိရှိနိုင်စေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းမှ တီထွင်ဖန်တီးမှုများ၊ ဝန်ဆောင်မှုများကို ပြသရန်အတွက်လည်းကောင်း၊ သီးသန့်သတ်မှတ်ထားသော နယ်ပယ်တစ်ခုအတွက် ICT Solution များကို ပြသရန်အတွက်လည်းကောင်း၊ မြန်မာ Software ကုမ္ပဏီ၏ Product များကို ဖော်ထုတ်ပြသရန်အတွက်ရည်ရွယ်ပြီး ပြပွဲများ၊ Seminar များနှင့် ဆွေးနွေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။

တစ်ကြိမ်ထက်တစ်ကြိမ် ပါဝင်ပြသသည့် ကုမ္ပဏီများ များပြားလာသည့်အပြင် Product များ၊ Service များမှာလည်း တိုးတက်လာသည်ကို တွေ့ရပါသည်။ ပစ္စည်းရောင်းချမှု မရှိသလောက်နည်းပါးပြီး Technology နှင့် တိုးတက်ဖြစ်ထွန်းမှုကို ဦးစားပေးပြသလာကြသည်ကို တွေ့ရှိရပါသည်။ ယခု ၂၀၀၄ ခုနှစ်အတွက်လည်း ဇန်နဝါရီ ၂၁ ရက်နေ့မှစ၍ ရက်သတ္တတစ်ပတ်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ICT ပြပွဲများ

မြန်မာနိုင်ငံ၏ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွင်းသို့ ကွန်ပျူတာနည်းပညာများ ကူးပြောင်းရောက်ရှိရေး၊ ကျောင်းသူ၊ ကျောင်းသားများအပါအဝင် လုပ်သားပြည်သူများအကြား ကွန်ပျူတာနှင့်သက်ဆိုင်သော ဗဟုသုတနှင့် နည်းပညာများပျံ့နှံ့ရောက်ရှိရေး၊ ကွန်ပျူတာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကွန်ပျူတာပြပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ကွန်ပျူတာလုပ်ငန်းများပါဝင်ခဲ့ပြီး လုပ်သားပြည်သူ သောင်းပေါင်းများစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ ဦးဆောင်စီစဉ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပြပွဲ (International IT Exhibition)ကို ၁၉၉၉ ခုနှစ် စက်တင်ဘာလ၊ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ၊ ၂၀၀၁ ခုနှစ် အောက်တိုဘာလ၊ ၂၀၀၂ ခုနှစ် အောက်တိုဘာလ၊ ၂၀၀၃ ခုနှစ် အောက်တိုဘာလတို့တွင် တပ်မတော်ခန်းမ၌ ငါးနှစ်ဆက်တိုက် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့အပြင် နေ့ကြီး၊ ရက်ကြီးနှင့် အထိမ်းအမှတ်ရက်များတွင် ပြုလုပ်သည့် ကွန်ပျူတာပြပွဲများကိုလည်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ပါသည်။

ယခုနှစ်တွင် ကုမ္ပဏီများအနေဖြင့် လိုအပ်သော ဆိုင်ခန်းအရေအတွက် မရရှိသကဲ့သို့ ကုမ္ပဏီအသစ်များ၊ ဆိုင်ခန်းသစ်များလည်း တိုးတက်လာသည်ကို တွေ့ရသည်။ ပြပွဲလာပရိသတ် အလွှာစုံသည်လည်း တစ်နှစ် ထက်တစ်နှစ် ဗဟုသုတအမြင်များ ကျယ်ပြန့်လာပြီး သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာပိုင်းကို ယခင်ကထက် ပိုမိုစိတ်ဝင်စားမှုများလာခဲ့ကြောင်း တွေ့ရှိရပါသည်။

ကုမ္ပဏီများအနေဖြင့်လည်း ယခင်ပွဲများကဲ့သို့ ဈေးရောင်းပွဲသက်သက်မဟုတ်တော့ဘဲ ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲ၊ အိုင်တီထုတ်ကုန်သစ်များ၊ ဝန်ဆောင်မှုများအကြောင်းကိုလည်းကောင်း၊ သတင်းနည်းပညာပေးဆိုင်ရာများကိုလည်းကောင်း ဦးစားပေး ပြသလာကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ယခုကဲ့သို့ ရက်အတွင်းတွင်လည်း မိမိတို့ကုမ္ပဏီများ၏ ပစ္စည်းများ၊ သင်တန်းကြေးများ၊ အင်တာနက်ဝန်ဆောင်မှုများ၊ Project ဝန်ဆောင်မှုများအတွက် အထူးဈေးနှုန်းများဖြင့် အပြိုင်အဆိုင် ကမ်းလှမ်းခြင်းဖြင့် ပြည်သူလူထုအကြား ပိုမိုထိရောက် ကျယ်ပြန့်စွာရောက်ရှိအောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

စလင်းဒေသမှ နယ်ချဲ့တော်လှန်ရေး

(၁၉၉၇ ခုနှစ်ထုတ် စလင်းမြို့နယ် ငွေရတုမဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြပါသည်။)

(ယမန်နေ့မှအဆက်)

ဦးခန်းညီအောင် (စလင်း)

တောင်ကောက်ရွာတိုက်ပွဲတွင်ဗိုလ်နေမီးသည်ဗိုလ်အင်ဖူး (ဖအိုင်း)ပစ်လိုက်သောကျည်သင့်သည့် မင်းဘူးအရေးပိုင် မစ္စတာ ဖယ်ယာ၏ ဦးခေါင်းကို ဝင်ဖြတ်နိုင်ခဲ့သူဖြစ်သည်။

ဗိုလ်ညိုမှဲ့မှာ မင်းတပ်သူကြီးဗိုလ်ရွှဲ၏ ညီမအရင်းဖြစ်ပြီး လက်ဝဲနားထင်၌ အညိုရောင်မှဲ့ကြီးတစ်လုံးရှိသည်။ အပျိုကလေးပင်ဖြစ်သော်ငြားလည်း ဓားရေး၊လှံရေး၊မြင်းရေးတို့၌ အလွန်ကျွမ်းကျင်လှသည်။ စလင်းမြို့တောင်ဘက် ကူတိုရွာအနီး ခတ်တော်ချောင်း တိုက်ပွဲတွင် ရန်သူအဝိုင်းခံနေရသော မြန်မာတပ်အတွက် သူ့အသက်နှင့်လဲ၍ တိုက်ပွဲဝင်ခဲ့သည်။

ဗိုလ်ဗျိုင်းတောင်မှာ လယ်ကိုင်းကျောင်းတော်ရာအနီးမှ ခင်တဲရွာသူဖြစ်သည်။ တိုက်ပွဲဝင်လျှင် ဦးခေါင်း၌ ဗျိုင်းတောင်များစိုက်၍ တိုက်ခိုက်လေ့ရှိသည်။

အားလုံးသော တော်လှန်ရေးရဲဘော်များ အနက် ဗိုလ်ဥတ္တမ၊ ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းကလေးတို့မှာ ဒေသခံတို့က အထူးကြည်ညိုလေးစားကြပြီး ယနေ့ထက်တိုင် သားစဉ်မြေးဆက် စပ်မိသမျှ လက်ဆင့်ကမ်းပြောဆိုနေကြပေသေးသည်။ ဦးဥတ္တမမှာ လယ်ကိုင်းကျောင်းတော်ရာအနီးမှ ညောင်ပင်စောက်ရွာသားတစ်ဦး ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၁၀ပြည့်နှစ် (အေဒီ-၁၈၄၈)ခန့်တွင် အဖဦးရွှေရောက်-အမိဒေါ်လှအေးတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မောင်အုပ်ကျော်ဖြစ်ပြီး ရွာမှာနေစဉ်ကာလ၌ ရွာကျောင်းတွင်ပညာသင်ကြားခဲ့သည်။ အသက် ၁၅နှစ်ခန့်တွင် သာမဏေပြုပြီးနောက် မကြာမီ ရတနာပုံနေပြည်တော်သို့ ပညာသင်ကြားရန် ကြွရောက်ခဲ့သည်။ မန္တလေးတွင် သီတင်းသုံးနေသော မိမိတို့ရပ်ရွာမှ ဆရာတော်ဦးမေဓာကျောင်း၌ နေထိုင်ရင်း စာပေပရိယတ္တိများကို လိုက်စားနေခဲ့သည်။ ထိုစဉ်ကာလ၌ ကျောင်းသို့အဝင်အထွက်ရှိသော လဲချားမိဖုရားနှင့် မြင်စိုင်းကိုယ်တော်ကြီးတို့မှတစ်ဆင့် နန်းတွင်းရေးများကို ကြားသိခွင့်ရခဲ့လေသည်။ မင်းတုန်းမင်းတရားကြီး၏ မိဖုရားများနှင့် သားတော်တို့၏ ထီးနန်းဆက်ခံရေး အရှုပ်တော်ပုံများ၊ ကနောင်မင်းသားကြီး လုပ်ကြံခံရမှုများသည် ဆရာတော်နှစ်ပါးအား လွန်စွာစိတ်ထိခိုက်စေခဲ့သဖြင့် မွေးရပ်မြေသို့ ပြန်ကြွခဲ့ကြသည်။

ဆရာတော် ဦးဥတ္တမသည် လယ်ကိုင်းကျောင်းတော်ရာအနီးမှ ပြည်လုံးကျော်ရွာတွင် မူလဆရာတော် ဦးဥတ္တရ၏ ခွင့်ပြုချက်ဖြင့် ကျောင်းဆောက်၍ သီတင်းသုံးနေထိုင်ခဲ့ရာ သက်တော်(၃၈)နှစ်၊ ဝါတော်(၁၈)ဝါရသော ၁၈၈၆ခုနှစ်တွင်

ဗျိုင်းကြီး၊ဗျိုင်းကလေးတို့၏လက်ချက်ကို ဗြိတိသျှတပ်များ စလင်းမြို့ ရွှေတန်ဆာဘုရား အနီးရှိ ဤမန်ကျည်း တောအုပ်အတွင်း အလူးအလဲခံခဲ့ရသည်။

မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ရချေတော့သည်။ နယ်ချဲ့တို့၏ရက်စက်ယုတ်မာသော လုပ်ရပ်တို့ကို မျက်စိအောက်၌ တွေ့မြင်ခဲ့ရသည့်အခါဝယ် ဆက်လက်၍ သည်းမခံနိုင်တော့သည့်အဆုံး၌ ဆရာတော် ဦးဥတ္တရနှင့် အတူပူးတွဲ၍ သင်္ကန်းဝတ်နှင့်ပင် နယ်ချဲ့ကို တော်လှန်အန်တုခဲ့လေတော့သည်။ ရိုးမတောင်ခြေအနီး ကျစ်ကိုင်ရွာခေါ် မင်းကြီးချောင်တွင် ဗိုလ်ဝင်ခံ၍ လူသူလက်နက်စုဆောင်းခြင်း၊ ဗိုလ်ပါနောက်လိုက်များအား လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ နောင်တွင် လူဝတ်လဲ၍ မြစ်အနောက်ဘက်ခြမ်းဒေသဖြစ်သော မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ကျောင်းတော်ရာ၊ ငဖဲ၊ မင်းတုန်း၊ ပခုက္ကူ စသောနယ်မြေများ၌ ဒေသခံဗိုလ်များနှင့်ပူးပေါင်းကာ ဦးဥတ္တမ၏ ဦးစီးဆောင်ရွက်မှုဖြင့် နယ်ချဲ့တော်လှန်ရေး တိုက်ပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။

ဦးဥတ္တမအား ဗိုလ်ဥတ္တမ၊ မင်းကြီးဦးဥတ္တမ၊ ဘုန်းကြီးဗိုလ်စသည်ဖြင့် ဒေသခံများက ခေါ်ဝေါ်ကြသည်။ ဗိုလ်ဗျိုင်းကြီးမှာ ဆင်ဖြူကျွန်းမြို့အနီး ပေါက်ကုန်းရွာသားဖြစ်ပြီး ဗိုလ်ဗျိုင်းကလေးမှာ ဆင်ဖြူကျွန်းအနီး အိုးသည်စု ရွာသားဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာ ကျောင်းနေဘက် ငယ်သူငယ်ချင်းများဖြစ်ကြသည့်အပြင် ဗိုလ်ဥတ္တမ၏ အထူးအားကိုးခြင်း ခံရသည့် ညာလက်ရုံးများလည်း ဖြစ်ကြသည်။

ပါတော်မူပြီးစ စလင်းဒေသတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးအတွက် လက်နက်စွဲကိုင်၍ တော်လှန်ခဲ့သော တိုက်ပွဲများအနက် ရွှေပန်းမြိုင်တိုက်ပွဲ၊ မြတ်လေးသောင်တိုက်ပွဲ၊ စေတုတ္တရာတိုက်ပွဲ၊ ဆင်ဖြူကျွန်းတိုက်ပွဲ၊ ခတ်တော်ချောင်း တိုက်ပွဲ၊ တမာချောင်တိုက်ပွဲ၊ ဝက်သည်းကန်တိုက်ပွဲ၊ စလင်းရွှေတန်ဆာ မန်ကျည်းတန်းတိုက်ပွဲ၊ စလင်းကိုးဆောင်ကျောင်းတိုက်ပွဲ၊ ဖောင်းလင်းရွာတိုက်ပွဲတို့မှာ ထင်ရှားသောအဓိကရတိုက်ပွဲများပင် ဖြစ်ကြသည်။ ထိုတိုက်ပွဲများနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံတွင် ထုတ်ဝေသော ကိုလိုနီခေတ် အင်္ဂလိပ်သတင်းစာများတွင် ဖော်ပြချက်နှင့် ဒေသခံတို့ သားစဉ်မြေးဆက် မှတ်ယူချက်တို့ကို ယှဉ်တွဲဖော်ပြလိုပါသည်။

"တိုက်ပွဲ တစ်ခုတွင် ဟင်းပရှားယားတပ်ရင်းမှ ကက်ပတိန်အက်ကင်ဆင် ကျဆုံးသည်"ဟူ၍ The Amrita Bazar Patrika: ၁၂-၈-၁၈၈၆ နေ့ထုတ် အမရစ်တာဘဇား ပက်ထရစ်ကာ သတင်းစာ၊ စာမျက်နှာ-၅၊ ကော်လံ-၃ တွင် ဖော်ပြထားသည်။

ထိုတိုက်ပွဲမှာ စလင်းမြို့ ရွှေတန်ဆာမန်ကျည်းတန်း တိုက်ပွဲနှင့် ကိုးဆောင်ကျောင်းတိုက်ပွဲပင်ဖြစ်သည်။ ထိုစဉ်အချိန်က စလင်းမြို့တွင် မြို့ရိုးကြီးတည်ရှိသည်။ မြို့ရိုး၏ အရှေ့မြောက်ထောင့်ရှိ ကုန်းမြင့်ထိပ်ဝယ် ရွှေတန်ဆာစေတီတော်ရှိပြီး စေတီတော်၏မြောက်ဘက် မြို့ရိုး၏ အပြင်ဘက်၌ မန်ကျည်းပင်တန်းကြီးရှိသည်။ ယခင် ၁၉၆၇ မတိုင်မီက နယ်ပိုင်ဝန်ထောက်အိမ် တည်ရှိခဲ့သော နေရာဖြစ်သည်။ ကိုးဆောင်ကျောင်းတိုက်မှာ မြို့ရိုးပြင်ဘက် လက်ပံပင်ကျောင်းတိုက်၏ တောင်ဘက်၌တည်ရှိသော ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ထိုကျောင်း၏ အောက်ထပ်ဝယ် ဗိုလ်ဥတ္တမ ဦးစီးသော မြန်မာတပ်များက မြင်းများနှင့် စခန်းချသည်။ အက်ကင်ဆင်ဦးစီးသော အင်္ဂလိပ်စစ်တပ်က မြို့ရိုး အတွင်း၌ အခိုင်အမာတပ်တည်၍ နေကြသည်။ ပုလိပ်ဌာနသို့မဟုတ် ဂါတ်တဲမှာ ရွှေတန်ဆာစေတီတော်ခြေရင်း မြို့ရိုးတွင်း၌ တည်ရှိသည်။

၂၈-၇-၁၈၈၆နေ့၌ မြို့ရိုးအတွင်း အခိုင်အမာနေကြသော ဗြိတိသျှစစ်တပ်ကို မင်းကြီးဦးဥတ္တမ၊ ဗိုလ်ရွှဲ၊ ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းကလေးတို့ ဦးစီးသော မြန်မာမျိုးချစ်တပ်က အပြင်းအထန် စတင်တိုက်ခိုက်ကြသည်။ မြန်မာတပ်များသည် ရွှေတန်ဆာဘုရားအနီးမှ မန်ကျည်းတောကြီးတွင် တပ်မတည်ပြီး မြို့ရိုးတွင်းမှ ဗြိတိသျှတပ်တို့ကို ပိတ်ဆို့ဝန်းရံထားသည်။ ဗြိတိသျှတပ်များမှာ မြို့ပြင်ထွက်လာပြီး ချမ်းသာကြီးဘုရား၏ တံတိုင်းများကို အကာအကွယ်ယူကာ မြောက်ဘက် မန်ကျည်းတန်းစစ်မျက်နှာနှင့် တောင်ဘက် ကိုးဆောင်တိုက်စစ်မျက်နှာနှစ်ဖက်ကို ပြိုင်တူဖွင့်၍ တိုက်ကြသည်။ ဤတိုက်ပွဲသည် လေးရက်ကြာမြင့်ခဲ့ပြီးနောက် ၃၁-၇-၁၈၈၆ နေ့တွင် ဗြိတိသျှတပ်မှူး ကက်ပတိန်အက်ကင်ဆင်မှာ ရွှေတန်ဆာဘုရားအရှေ့ဘက် ပေါင်းတံတားအနီး၌ ကျည်သင့်၍ ကျဆုံးခဲ့သည်။ အက်ကင်ဆင်မှာ အိန္ဒိယပြည် ဘုံဘိုင်မြို့အား ဗြိတိသျှတို့ သိမ်းပိုက်စဉ်က ပါဝင်ခဲ့ပြီး ထိုဘုံဘိုင်မြို့သိမ်း တိုက်ပွဲ၌ ထူးချွန်စွာ စွမ်းရည်ပြခဲ့သဖြင့် ဘုံဘိုင်ဗိုလ်ဟု ဂုဏ်ပြုပြည်တ်ခံခဲ့ရဖူးသည့် တိုက်ရည်ခိုက်ရည်ရှိ စစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ကက်ပတိန်အက်ကင်ဆင်၏ အလောင်းအား စလင်းသုသာန်၌ ဂူသွင်းမြှုပ်နှံခဲ့ရာ ကမ္ပည်းစာတွင်မူ မေဂျာ အက်ကင်ဆင်ဟု တစ်ဆင့်မြှင့်၍ ရေးထိုးထားသည်။ ကျန်ဗြိတိသျှစစ်သည် ၁၅ဝကျော်တို့၏ အလောင်းများကိုမူ ကိုးဆောင်ကျောင်းတိုက်၏ အနောက်ဘက်၌ စုပြုံ၍ မြှုပ်နှံခဲ့ကြသည်။ ထိုတိုက်ပွဲ၌ မြန်မာတို့ဘက်မှ ဆက်သားအဖြစ် တာဝန်ယူခဲ့သော အမျိုးသမီးနှစ်ဦးလည်း ကျဆုံးခဲ့ရသည်။

ဒုတိယတွေ့ရှိချက်မှာ ၂၄-၆-၁၈၈၆နေ့ ထုတ်ဝေသော အမရစ်တာ သတင်းစာ၏ စာမျက်နှာ ၂၊ ကော်လံ ၃တွင် ဖော်ပြချက် ဖြစ်သည်။ အဆိုပါ သတင်းမှာ English Man သတင်းစာမှ ဖော်ပြချက်ကို ထပ်ဆင့်ကိုးကားသည်ဟု ဆက်လက်ဖော်ပြထားပါသည်။

"မန္တလေးမှ ပေးပို့သည့် ကြေးနန်းအရ ကက်ပတိန် ဒန်းစ်ဖို့ဒ် (Captain W.G. Dunsford) တိုက်ပွဲကျသည့် သတင်းကို အသေးစိတ် သိရသည်။ ကက်ပတိန် ဒန်းစ်ဖို့ဒ်နှင့် အမှတ်-၂ လီဗာပူတပ်ရင်းမှ လက်ဖတင်နင် ဝင်းယန် (Lieut. Wynyand)တို့သည် ဘင်္ဂေါ ခြေလျင်တပ်ရင်းနှင့် လီဗာပူတပ်ရင်းမှ တပ်သားအချို့တို့နှင့်အတူ စလင်းမှ ငါးမိုင်ခန့်အကွာတွင် တပ်စွဲနေသည့် သူပုန် ၁၆ဝခန့်ကို တိုက်ထုတ်ပြီးနောက် လူ ၅၀၀ဝ ခန့်ရှိ အခြားတစ်စုကို

နယ်ချဲ့တို့ကိုတွန်းလှန်ခဲ့ရာ စလင်းကိုးဆောင်တိုက် အုတ်ကျောင်း၏တောင်ဘက်မှ မြင်ကွင်း။

ဆက်လက်တိုက်ခိုက်ရကြောင်း၊ ဒုတိယတိုက်ပွဲတွင် ကက်ပတိန်ဒန်းစ်ဖို့ဒ် ကျဆုံးသည်။ လီဗာပူတပ်သား သုံးယောက် ဒဏ်ရာပြင်းထန်စွာရ၏။ စစ်ဗာရီ နှစ်ယောက်လည်း အနည်းငယ်စီ ထိခိုက်ဒဏ်ရာရသည်။ ရန်သူဘက်မှ အကျအဆုံးကို မသိရချေ။"

ဤတိုက်ပွဲမှာ ဝက်သည်းကန်၊ တမာချောင်တိုက်ပွဲကြီးပင် ဖြစ်သည်။ စလင်းမြို့၏ အနောက်ဘက်တွင် ဧရိယာ ၁၀၈၈ ဧကကျယ်သည့် ဝက်သည်းကန်ဟူသော ရေကန်ကြီး တည်ရှိပြီး ထိုရေကန်ကို တောင်ဘက်မှပတ်၍သွားလျှင် ကန်အနောက်ဘက်ခြမ်း၌ တမာချောင်အမည်ရှိသော ရွာတစ်ရွာတည်ရှိသည်။ ထိုရွာအနီးမှ တောင်ကုန်းငယ်တစ်ခုပေါ်တွင် ဗိုလ်ဥတ္တမ ဦးစီးသော မျိုးချစ်မြန်မာ တပ်သားများ တပ်စွဲထားရာ ကက်ပတိန်ဒန်းစ်ဖို့ဒ်ဦးစီးသည့် ဗြိတိသျှတပ်မှ ၁၂-၆-၁၈၈၆ နေ့တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှတပ်တွင် လီဗာပူရက်ဂျီးမင့် (Liverpool Regiment)တပ်မှ အင်အား ၂၀၀ နှင့် ဘင်္ဂေါ ကုလားခြေလျင် (Bengal Infantry)တပ်မှ အင်အား ၂၀၀တို့ ပါဝင်ကြသည်။ ဤတိုက်ပွဲတွင် ဗြိတိသျှတပ်တို့က အပေါ်စီးမှ နေရာရသွား၍ မြန်မာများ အလူးအလဲခံရသော်လည်း အသက်စွန့်၍ ပြန်လည်တိုက်ခိုက်ခဲ့ကြရာ ဗိုလ်ဥတ္တမ ပစ်လိုက်သည့် ကျည်ဆန်သည် အဖွဲ့ခေါင်းဆောင် ကပ္ပတိန်ဒန်းစ်ဖို့ဒ်အား ထိမှန်၍ မသေမရှင်ဖြစ်နေစဉ် မြန်မာများက အတင်းဝင်ရောက်ပြီး ခေါင်းကို ဖြတ်ယူခဲ့ကြသည်။ ခေါင်းမရှိသော ဒန်းစ်ဖို့ဒ်၏ ခန္ဓာကိုယ်အား မင်းဘူးမြို့သို့ ဗြိတိသျှတို့က သယ်ဆောင်သွားပြီး ဂူသွင်း၍သင်္ဂြိုဟ်ခဲ့ကြသည်။ ဗြိတိသျှဗိုလ်ချုပ် ဂျင်နရယ်ဒန်းစ်ဖို့ဒ်၏ သားဖြစ်သူ ကပ္ပတိန်ဒန်းစ်ဖို့၏ အုတ်ဂူအား မင်းဘူးမြို့ အင်္ဂလိပ် သချိုင်းအတွင်း ယနေ့တိုင် တွေ့မြင်နိုင်ကြပါသည်။

၁၇-၆-၁၈၈၆ နေ့ထုတ် အမရစ်တာ သတင်းစာတွင် 'ဓားပြတို့မှာ မင်းဘူးအရေးပိုင် မစ္စတာဖယ်ရာ (Mr. Phayre)ကို သတ်လိုက်နိုင်သဖြင့် ပို၍ပင် ဂုဏ်တက်အားတက်လျက်ရှိကြသည်'ဟု ဖော်ပြလေသည်။ အရေးပိုင်ဖယ်ရာမှာ ၈-၆-၁၈၈၆ နေ့တွင် ရွှေစက်တော်ဘုရားအနီးမှ ပတိန်းရွာ တောင်ကောက်စခန်း၌ မင်းတပ်သူကြီး ဗိုလ်ရွှဲ၏ တပ်နှင့် တိုက်ခိုက်ရင်း ကျဆုံးခဲ့ခြင်းဖြစ်သည်။ မင်းဘူးအရေးပိုင် ရောဘတ်ဖယ်ရာမှာ ဗိုလ်ရွှဲအားမိလျှင် ဆုတော်ငွေ ၅၀၀၀ ရူပီး(Rupee)ပေးမည်ဟု အမိန့်ထုတ်ပြန်ခဲ့ရာ ဗိုလ်ရွှဲကလည်း အရွဲ့တိုက်၍ ဖယ်ရာအား ဖမ်းပေးလျှင် ဆုတော်ငွေ ၅၀၀ရူပီးပေးမည်ဟု အပြန်အလှန် ကြေညာခဲ့ကြသည်။ ထိုကာလတွင် မင်းဘူးတောင်ပိုင်းဒေသကို ဗိုလ်ရွှဲကတာဝန်ယူခဲ့ပြီး မြောက်ပိုင်းဒေသကိုတော့ဗိုလ်ဥတ္တမက တာဝန်ယူခဲ့သည်။ ထိုတိုက်ပွဲတွင် မြင်းပေါ်၌ရှိသော အရေးပိုင်အား ဗိုလ်အင်ဖူးက သေနတ်နှင့်ပစ်၍ မြင်းပေါ်မှ ကျခါနီးတွင် ဗိုလ်နေမီးမှ တစ်ဟုန်ထိုးပြေးဝင်လျက် ဦးခေါင်းကို ဖြတ်ယူနိုင်ခဲ့သည်။

တစ်ဖန် ပိုင်အိုးနီးယား(Pioneer) သတင်းစာ၌ ဖော်ပြပါရှိချက်မှာ ၁၈၈၆ ခုနှစ် ဇွန်လ ၁၉ ရက်မှ ၂၃ရက်အတွင်း ငဖဲအနောက်ဘက် မုန်းမြစ်ကမ်း၌ ဖြစ်ပွားခဲ့သည့် ပြင်းထန်သောတိုက်ပွဲတွင် မေဂျာဂေါ်ဒန် (Major Gordon)တပ်မှ လူခြောက်ဆယ်ထက်မနည်း ကျဆုံးသည်ဟု ဖော်ပြခဲ့သည်။

၂၄-၁၁-၁၈၈၆နေ့စွဲဖြင့် ထုတ်ဝေသည့် စတိတ်မင်းသတင်းစာ (The Stateman)၏ ဖော်ပြချက်တွင်-

'မင်းဘူးမှတပ်များသည် ဓားပြများနှင့်နှစ်ကြိမ် တိုက်ပွဲဖြစ်ပွားရာ ကပ္ပတိန်ဂျူးနှင့်တစ်ယောက် ပြင်းထန်စွာဒဏ်ရာရလေသည်'ဟု ဖော်ပြခဲ့သည်။

ဤကဲ့သို့ မျိုးချစ်စိတ်ပြင်းထန်စွာဖြင့် စုစည်းညီညာစွာ တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၈၈၇ခုနှစ်တွင် စလင်း နယ်မြေအား အင်္ဂလိပ်တို့မှ လက်လွှတ်ခဲ့ရလေသည်။

စလင်းနယ်မှ နယ်ချဲ့ဆန့်ကျင်သူများသည် နယ်ချဲ့နှင့် နိူင်းယှဉ်ပါက လက်နက်ခဲယမ်း၊ ဆေးဝါး၊ ရိက္ခာနှင့် လူသူအင်အား ချို့တဲ့ခဲ့သော်လည်း သူ့ကျွန်မခံလိုသော စိတ်ဓာတ်နှင့် အသက်ပေး၍ တိုက်ခိုက်သွားခဲ့ကြရာ ဗိုလ်ရာကျော်နှင့် ဗိုလ်ပေဦးတို့မှာ စလင်းအနောက်ဘက် တမာချောင်ရွာတိုက်ပွဲတွင်လည်းကောင်း၊ ဗိုလ်ခရား၊ ဗိုလ်ရာဘော်၊ သံစာဗိုလ်နှင့် ဗိုလ်တေတို့မှာ ရွှေတန်ဆာဘုရားကုန်း တိုက်ပွဲတွင်လည်းကောင်း၊ ပုဏ္ဏားပျံဗိုလ်နှင့် ဗိုလ်ချမ်းတုတ်တို့သည် စလင်းမြို့ရိုး၏ မြောက်ဘက် တံခါးအနီးတွင်လည်းကောင်း၊ ရှင်လိပ်ပျံဗိုလ်၊ ရွှေလှံဗိုလ်၊ ဗိုလ်ကျော်လှတို့မှာ စကုတိုက်ပွဲတွင် လည်းကောင်း၊ ဗိုလ်အဲကြီးမှာ လယ်ကိုင်းတိုက်ပွဲတွင် လည်းကောင်း၊ ဗိုလ်ခံသီး၊ ဗိုလ်မဲခေါင်၊ ဗိုလ်ဆေးနီ၊ ပန်းဆေးကန်ဆရာတော်တို့မှာ မြလေးသောင်တိုက်ပွဲတွင်လည်းကောင်း၊ ဗိုလ်စုတ်ဖွားမှာ မုန်းညာတိုက်ပွဲ၊ ဗိုလ်အင်ဖူးမှာ မန်းညာတိုက်ပွဲ၊ ဗိုလ်ရွှေပွင့်မှာ မင်းဘူးအောက်ကျောင်း ကြာကန်တိုက်ပွဲ၊ ဗိုလ်သာစည်မှာ ကျောင်းတော်ရာတိုက်ပွဲတို့၌ တိုင်းပြည်အတွက် အသီးသီး အသက်ပေးလှူသွားကြောင်း သိရပါ၏။

အားကိုးစရာ လက်ရုံးများပြုတ်ထွက်နေသော မင်းကြီးဦးဥတ္တမသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကူး၍ မင်းကြီးရွှေလရောင်နှင့် ပူးပေါင်းရန် စီစဉ်ဆဲ ကာလဝယ် မင်းကြီးအား ကျောင်းတော်ရာဘုရားအနီး၌ ၁၈၈၉ ခုနှစ်တွင် ဖမ်းဆီးရမိသွားခဲ့သည်။ မင်းကြီးမှာ တုတ်ပီး၊ ဓားပီး၊ သေနတ်ပီးဆေးများ ထိုးထားသည်ဟု ယူဆ၍ ကြိုးပေးပြီး သတ်ဖြတ်ခဲ့ကြလေသည်။

မင်းကြီးဦးဥတ္တမအား ရုံးတင်စစ်ဆေး၍ ထုချေလျှောက်လဲခွင့် ပြုခဲ့သော်လည်း အသနားခံခြင်းမပြုဘဲ ကြိုးမိန့်ကိုသာ တောင်းခံခဲ့သည်။ သို့အတွက် ဝိတိုရိယဧကရီကို စစ်ဖက်ပြိုင်မှုနှင့် ကြိုးမိန့်ချခဲ့ကြသည်။ ဦးဥတ္တမသည် ကြိုးပေးခါနီး၌ စာရေးကိရိယာများ တောင်းခံပြီး ရာဇဝင်တွင်မည့် ရဲရဲတောက်လင်္ကာကို ရေးစပ်ပေးထားခဲ့သည်။ ထိုလင်္ကာလေးကို ဦးဥတ္တမ၏ မွေးရပ်မြေတွင် ယနေ့တိုင် ရွတ်ဖတ်သီဆိုနေကြဆဲဟု ကြားသိရပါသည်။

သူ့ကျွန်မခံလိုသော မြန်မာတို့၏ တော်လှန်မှုသည် ယေဘုယျအားဖြင့် ၁၈၈၆ခုနှစ်မှ ၁၉၀၀ပြည့်နှစ်အထိ အရှိန်အဟုန် ပြင်းထန်ခဲ့သည်။ သီပေါမင်းအားနန်းချ၍ အထက်မြန်မာ ပြည်ကို သိမ်းပိုက်ခဲ့စဉ်က စစ်သည်အင်အား ၉၄၆၇ဦးသာ အသုံးပြုခဲ့ရသော်လည်း မျိုးချစ်များ၏ တန်ပြန်တော်လှန်မှုကို နှိမ်နင်းရန်အတွက်မူကား ဗြိတိသျှသေနာပတိ ဆာဖရက်ဒရစ်ရောဘတ်နှင့်အတူ စစ်သား ၃၂၀၀၀နှင့် စစ်ရဲ ၈၅၀၀ကို ထပ်မံခေါ်ယူ၍ အင်အားဖြည့်ခဲ့ရ လေသည်။ မက္ခရာမင်းသား၏သားတော် မင်းရဲရန်ရှိန်နှင့် စောရန်ပိုင်တို့၏ နယ်ချဲ့တော်လှန်ရေးဆိုလျှင် ၁၉၁၂ ခုနှစ်အထိ ဆက်လက်တည်တံ့ခဲ့လေသည်။ သူ့ကျွန်မခံလိုသော စလင်းနယ်သားများ၏ သွေးနှင့်ရေးခဲ့သော အထိမ်းအမှတ်အဖြစ် မင်းကြီးဦးဥတ္တမ ကိုင်ဆောင်ခဲ့သည့် သမိုင်းဝင်တိုက်ပွဲဝင်ဓားကြီးကို သူကောင်းဦးပန်မှ ရယူထိန်းသိမ်းထားခဲ့ရာ အများပြည်သူလေ့လာနိုင်ရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ။

စာကိုး-

(၁) ဗြိတိသျှတို့အား အဆက်မပြတ် တိုက်ပွဲဝင်ခဲ့ ကြသော မြန်မာ တစ်မျိုးသားလုံး၏ သမိုင်းဝင်စစ်ပွဲများ (ဗိုလ်သံမဏိ)လုပ်သားပြည်သူ့နေ့စဉ်(၂၇-၁၁-၉၀)

(၂) ဆင်ဖြူကျွန်းနယ်တစ်ရိုးက လွတ်လပ်ရေး ကြိုးပမ်းမှု(မောင်ဉာဏ်ရှင်)ကြေးမုံသတင်းစာ(၁၈-၁၂-၉၄)

(၃) စလင်းမြို့နယ်မှတ်တမ်း

(၄) ကျွန်တော် အိုင်စီအက်စ်(ဦးချမ်းသာ၊ ၁၉၈၈၊ မေ)

(၅) နိုင်ငံသမိုင်းသုတေသန စာစောင်အတွဲ(၁) (နိုင်ငံသမိုင်း ဦးစီးဌာန)

(၆) A Tale of Two Cities by Saw Shwe Bo (Panorama Magazine Vol-1. No.3)

(၇) ခေတ်မြန်မာ တည်ဟန်(ဦးတင်မောင်ရင်၊ မဟာဝိဇ္ဇာ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ထိုင်းနိုင်ငံ Export-Import Bank ဥက္ကဋ္ဌ Mr.Pakorn Malakul Na Ayudhya နှင့်အဖွဲ့က ဝန်ကြီး၏ ညှိုခန်းသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။ (ဘဏ္ဍာ/အခွန်)

ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား ထိုင်းနိုင်ငံ ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ထိုင်းနိုင်ငံ Export- Import Bank မှ ဥက္ကဋ္ဌ Mr. Pakorn Malakul Na Ayudhya နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်– ၂၀၀၄ ပြပွဲ စိတ်ဝင်စားစွာ လေ့လာကြသူများဖြင့်စည်ကား

ရန်ကုန် ဇန်နဝါရီ ၂၂

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်– ၂၀၀၄ ပြပွဲကို ယနေ့ဒုတိယနေ့အဖြစ် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ဆက်လက် ကျင်းပရာ Internet နှင့် IT ပညာရပ်ကို စိတ်ဝင်စားကြသော လူငယ်များ၊ကျောင်းသား၊ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

FISCA Enterpriseမှ လုံခြုံရေးနှင့်ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ရောင်းချ တပ်ဆင်ပေးလျက် ရှိပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အပါအဝင် မြန်မာပြည်ရှိ ဈေးကြီးများ၊ မြို့များ၊ အဆင့်မြင့်အိမ်ရာများနှင့် စက်မှုဇုန်များတွင် တယ်လီဖုန်းအိတ်ချိန်းခွဲများနှင့် တယ်လီဖုန်းများ တပ်ဆင်ပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဗဟိုဘဏ်နှင့်ဘဏ်များ၊ ဟိုတယ်ကြီးများ၊ ရွှေဆိုင်များတွင် CCTV လုံခြုံရေး ရုပ်မြင်တီဗွီကင်မရာနှင့် အခြားလုံခြုံရေးစနစ်များကို တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် PABXအိတ်ချိန်းနှင့် PCB ကတ်များကိုပြည်တွင်းတွင်စတင်ထုတ်လုပ်နေပြီဖြစ်ရာ နောင်တွင်ပြည်ပမှ တင်သွင်းရန် မလိုတော့ဘဲ ပြည်တွင်းတွင် လုံလောက်စွာ ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

Han Myanmar Electronics မှ Welcome MICT Week-2004 Sales Promotion ပြုလုပ်၍ Panasonic ရုပ်သံပစ္စည်းများဖြစ်သော Digital Video Camera၊ Digital Still Camera၊ DVD Home Theatre Sound System၊ DVD Player ၊ DVD System ၊ VCD Mini System နှင့် Panasonic Flat TV များကို လက်ဆောင်ပစ္စည်းများနှင့် အတူ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

Myanmar Intergraph ပြခန်းတွင် Web နည်းပညာကို အခြေခံ၍ GIS Software များအသုံးပြု စရာမလိုပဲ GIS Functionများကို အချိန်နေရာမရွေး Network ပေါ်မှ Red Line အသုံးပြုနိုင်သည့် Geomedia Webmapဆိုင်ရာ အကြောင်းအရာများ၊ GISနှင့် Remote Sensing ဆိုင်ရာ နည်းပညာရပ်အသစ်များ၊ ကောင်းကင်ဓာတ်ပုံနှင့် ဂြိုဟ်တုပုံရိပ်များအသုံးချ၍ မြေပုံများရေးဆွဲထုတ်လုပ်သော Software များ၊ လက်ရှိ မြန်မာနိုင်ငံတွင် အသုံးချနေပြီဖြစ်သော Vessel Tracking and Monitoring System တစ်ခုဖြစ်သည့် OMNI-Marine Ship Tracking and Monitoring System အကြောင်းတို့ကိုပြသထားပြီး အလိုရှိသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ ဆက်သွယ်နိုင်ကြောင်း သိရသည်။

Computer Marketing Co., Ltd ကို MICT Park ရှိ အဆောင် (၅) မြေညီထပ်တွင် အမြဲတမ်းဖွင့်လှစ်ထားပြီး ယင်းကုမ္ပဏီ၏ Myanmar Compu Mart မှ နောက်ဆုံးပေါ် SLIM Computer System များနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည့်အပြင် Cytron Computing နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ် ရေးသားထုတ်လုပ်သော မကြာမီ ဖြန့်ချိတော့မည့် Bagan @ a Glance Multimedia CD Romကို မိတ်ဆက်ပြသထားသည်။ အဆိုပါ CD Rom တွင် ပုဂံရှိ ရှေးဟောင်းစေတီပုထိုး အဆူ ၅၀ကျော်၏ နောက်ခံသမိုင်း၊ ဓာတ်ပုံများ၊ တည်နေရာမြေပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားရာ ပုဂံကို ချစ်မြတ်နိုးသူများအတွက် အမြဲတမ်း အမှတ်တရ သိမ်းဆည်းထားသင့်သော စီဒီတစ်ချပ်ဖြစ်ပြီး ရှေးဟောင်းအမှတ်တရ နေရာများ၏ CD Rom များလည်း ဆက်လက်ထွက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Mastech Co., Ltd မှ Information Technologies အနေဖြင့် HP Server များ၊ PC များ၊ Notebook လက်ကိုင်ကွန်ပျူတာများ၊ Multi-Media Projector များနှင့် Zyber Brand Computer များကိုလည်းကောင်း၊ General Business Solution များအနေနှင့် စာရင်းအင်းပညာအတွက် UBS Accounting Software ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ Software အတွက် Cohusion HRMS Software၊ Hotel , Club နှင့် Resort များအတွက် IFCA Software Management System များကို လည်းကောင်း၊ Security Technologies လုံခြုံရေးဆိုင်ရာ နည်းပညာများအနေဖြင့် Elid Access Control Systemများ၊ စက်ရုံ၊ နေအိမ်၊ အဆောက်အအုံများအတွက် Linda Alarm System များ၊ အလိုအလျောက် စောင့်ကြည့်စစ်ဆေးထောက်လှမ်းမှုစနစ် Geovision Survelliance System များကို လည်းကောင်း တင်သွင်း တပ်ဆင်ရောင်းချ ပေးလျက်ရှိသည့်အပြင် Electronic Security အတွက် လည်း Thales Smart Card Security နှင့် Network & Internet Security System များ၊ ကွန်ပျူတာများ အသုံးချစောင့်ကြည့် စစ်ဆေးနိုင်သော Smart Biz Pc Monitoring System များ တပ်ဆင်ဝန်ဆောင်မှု ပေးလျက်ရှိသည်။

MICT Park ဝင်းအတွင်းတွင် စာအုပ်ဆိုင်ကြီးများကလည်း ပြပွဲလာပြည်သူများအား သုတ၊ ရသ စာအုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိသည်။

တတိယအကြိမ်မြောက် MICT Week-2004 ကို ဇန်နဝါရီ ၂၄ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း အများပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာပြည်သူများ သွားလာမှုလွယ်ကူစေရန် အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံ၌လည်းကောင်း၊ ပြည်လမ်းနှင့် ပါရမီလမ်းဆုံ၌လည်းကောင်းလွှန်းပြန်ယာဉ်များ အခမဲ့ ပြေးဆွဲပေးလျက်ရှိသည်။ (သတင်းစဉ်)

လေ့လာကြည့်ရှု

တတိယ အကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများကို ပြည်သူများ စည်ကားစွာ လေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဆေးရုံအသီးသီးပေါ်၌ သွေးလိုအပ်နေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် အကြိမ်(၈၀)မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္တပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဗိုလ်တထောင်စေတီတော် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ ၁ရက် နံနက်၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာ ဝါးပစ္စည်းပြပွဲ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်မှုကော်မတီမှ ဦးကျော်ထိုက်နှင့် တာဝန်ရှိသူများသည် ဆီမီးယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနက ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြသမည့် မြန်မာ့ရိုးရာ ဝါးပစ္စည်းပြပွဲ (Exhibition On Traditions of Bamboo)ကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြပွဲပြသခွင့်လက်မှတ်ကို ပြပွဲတာဝန်ခံ ဒေါ်စောခင်ကြီးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၂၃ရက်မှ ၂၅ရက်ထိ ရန်ကုန်မြို့ ပြည်လမ်းရှိ ဆီမီးယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန၌နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှု နိုင်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ/ဃ)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စံပြ (ဂ/ဃ)ရပ်ကွက်ရှိ မေဓာဝီလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါလမ်းသစ်ထိပ် မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်၍ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။

တက်ရောက်အားပေး

လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း နှင့် ကော်မတီဝင်များ၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် တပ်မတော်အရာရှိများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူး ကြီးမြင့်ကြည်၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ မြောက်ဥက္ကလာပမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီနာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် မင်္ဂလာအချိန် ကျရောက်သည်နှင့် လမ်းအရှည်ပေ ၁၃၅၀၊ အကျယ်ပေ ၂၀ ရှိ မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာ လမ်းသစ်ကို မုခ်ဦးရှေ့၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်း လင်းနှင့် လမ်းဖြစ်မြောက်ရေး ကော် မတီဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။

နှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည် တော်များသည် လမ်းသစ်ကို ဖြတ် သန်းကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက် ပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက် အားပေးသည်။

အဆိုပါ မြောက်ဥက္ကလာပမြို့နယ်ရှိ မေဓာဝီလမ်းသည် မြောက်ဥက္ကလာပ၊ မရမ်းကုန်းနှင့် မင်္ဂလာဒုံမြို့နယ် တံတားကြီးရပ်ကွက်၊ ပုရွက်ဆိတ် ကုန်းရပ်ကွက်၊ ကြခင်းစုရပ်ကွက်၊ အနန်းပင်ရပ်ကွက်နေ ပြည်သူများ အထူးအားထား သွားလာရာလမ်း ဖြစ်ကာ မိုးတွင်းကာလ၌ ရေတင်မှု၊ ရေအိုင်မှုများ ဖြစ်ပေါ်နေမှုကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက နိုင်လွန်ကတ္တရာခင်းကျင်း ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ မေဓာဝီလမ်းကို ကိုယ့်အားကိုယ်ကိုး ခင်းကျင်းဖွင့်လှစ် နိုင်ခဲ့မှုကြောင့် မြောက်ဥက္ကလာပ၊ မရမ်းကုန်းနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ ပြည်သူများအနေဖြင့် အချိန်အခါမရွေး စိတ်ချမ်းမြေ့စွာ ဆက်သွယ်သွားလာ နိုင်ပြီဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

လမ်းဖွင့်ပွဲအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူး ချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူ များသည် မြောက်ဥက္ကလာပမြို့နယ်မှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ကို ဖြတ် ၍ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ဒဂုံတက္ကသိုလ်အထိ ဖောက်လုပ်ထား သည့် ဗိုလ်မှူးဗထူးလမ်းကို ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်အပိုင်း၌ နိုင်လွန် ကတ္တရာခင်းကျင်းနေမှု လုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့ သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ကျန်စစ်သားလမ်းအနီး၌ အားကစား ကွင်း ပြုလုပ်ထားရှိမှု၊ သဃ်န်းကျွန်း မြို့နယ်၌ သံသုမာလမ်းမှ ဝေဇယန္တာ လမ်းအထိ ဆက်သွယ်သည့် ရတနာ လမ်း အရှည်ပေ ၉၅၀၀ကို လေးလမ်း သွား နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု၊ ကျိုက္ကဆံဘုရားပတ်လမ်း နိုင်လွန် ကတ္တရာခင်းကျင်း ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ သည် ကန်တော်ကြီး ပုဂံလုံးကျွန်း စိမ်းလန်းစိုပြည် သာယာလှပစေရေး ဆောင်ရွက်နေမှု၊ ခေမာဒီပကျွန်း ကျွန်းပတ်လမ်း ကွန်ကရစ်ပြားများ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေ၊ အင်ဂျင်နီယာဌာန ရေနှင့် သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်က အနီးကပ်ကြီးကြပ်၍ မဟာမြိုင် ပုလဲ ကျွန်း၌ ကြားတောရမှ ကန်တော်ကြီး သို့ စီးဝင်သည့် ရေဝင်ပေါက်ကို အဆင့်မီ ကွန်ကရစ်ရေပိုက်များ ဆက် သွယ်ပြုပြင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း ခွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ချိန်မီ ပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြား သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
– ဒုတိယနှစ်
(သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ)
(သင်္ချာ)
၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၂၀ ၇။ ကျောက်ကြီးပေါက်တံတား
၅:၃၀ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ နည်းစနစ်မှန်မှန် အားကစား အခြေခံ
၅:၅၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၆:၀၅ ၁၁။ ယွန်းထည်ထွက်ရာ ကျောက္ကာရွာ
၆:၁၅ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ Milo Success in Soccer.
၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း–၈)**
၇:၄၀ ၁၇။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာ(အပိုင်း–၁)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း ဂန္ဓဝင်ရင်ခွင် (အပိုင်း–၁) (ဒွေး၊သားညီ၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ–မောင်ပြည့်ဝ) (ပန်းဝေသီ)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရှင်းလင်း ဆွေးနွေး

တတိယအကြိမ်မြောက် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက် သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ဒုတိယနေ့ တွင် Myanmar Language Implentation **အလုပ်ရုံ ဆွေးနွေးပွဲ ၌** e-National Task Force, IT Standardization Steering Committee **ဥက္ကဋ္ဌ ဦးသိန်းဦး ရှင်းလင်းဆွေးနွေးစဉ်။**
(သတင်းစဉ်)

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ဒုတိယနေ့တွင် ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ဒုတိယနေ့တွင် ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ကျင်းပရာ ယနေ့နံနက် ၉နာရီတွင် Conference Hall **၌** PKI Application **အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပပြီး** Myanmar Electronic Trust (MET) **မှ တာဝန်ခံမန်နေဂျာ ဦးတင်ဇော်က** Secure e-Commerce **အကြောင်းကို ရှင်းလင်းဆွေးနွေးရာတွင်** Certification Authority **ကို မရှိမဖြစ်လိုအပ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံတွင်** e-Commerce **အရှိန်အဟုန် ဆက်လက်တိုးတက်လာသည်နှင့်အမျှ လက်တွေ့** Online **အသုံးချရာတွင် နှစ်ဖက်သော ဆက်သွယ်သူများအကြား ယုံကြည်စိတ်ချမှု** Trust **ကို သဘောပေါက်ကာ အသုံးချရန်လိုအပ်ကြောင်းနှင့် ကြားခံ** Authorize **လုပ်ပေးရမည့် အဖွဲ့အစည်းတစ်ရပ် လိုအပ်ကြောင်း၊** MET **အနေဖြင့် နိုင်ငံတကာအဆင့်မီ** National Certification Authority **တစ်ခုကို စတင်တည်ထောင်ကာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍကိုပါ ဝန်ဆောင်ပေးနိုင်သည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။**

ရှင်းလင်း

အလားတူ Role of Women in ICT Industry အလုပ်ရုံ ဆွေးနွေးပွဲကို နံနက် ၉နာရီတွင် အခန်း အမှတ်(၂၀၅)၌ ကျင်းပရာ Women & IT အကြောင်းကို မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်မှ အမှုဆောင် အဖွဲ့ဝင်နှင့် မြန်မာအမျိုးသမီး စီးပွား ရေး စွမ်းဆောင်ရှင်များအသင်းမှ အကြံပေး ဒေါ်ဝါဝါထွန်းက လည်း ကောင်း၊ Women's Information အကြောင်းကို မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းအမှုဆောင် အဖွဲ့ဝင် နှင့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းအဖွဲ့ဝင် ဒေါ်ခင်အေးဝင်းက လည်းကောင်း၊ 3rd Myanmar ICT Week Exhibition အကြောင်းကို မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ချောခင်ခင် ကလည်းကောင်း ရှင်းလင်းဆွေးနွေး ကြသည်။

ထို့နောက် Hardware Trend for Software Developers အကြောင်း ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် Conference Hall ၌ ကျင်းပရာ Intel Thailand မှ Channel Account Manager Mr. Decha Rattanatharn က Intel ၏ ပြောင်းလဲနေသော IT နည်းပညာ အသစ်အဆန်းများ အကြောင်းကို လည်းကောင်း၊ Microsoft Thailand မှ မန်နေဂျင်းဒါရိုက်တာ Mr. Andrew Mc Bean က Microsoft ၏ Products များအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အလားတူ Myanmar Language Implentation အလုပ်ရုံ ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် အခန်းအမှတ်(၂၀၅)၌ ကျင်းပရာ e-National Task Force, IT Standardization Steering Committee ဥက္ကဋ္ဌ ဦးသိန်းဦး၊ မြန်မာ နိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာကျော်သိန်း၊ မြန်မာစာအဖွဲ့မှ ဆရာကြီး ဦးထွန်း တင်၊ ဦးမြင့်ကြည်နှင့် စိတ်ပါဝင်စား သူ စုစုပေါင်း ၄၀ခန့် တက်ရောက်ကြ သည်။

ဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲတွင် e-National Task Force, IT Standardization Steering Committee မှ Myanmar Charter Standardization နှင့် ပတ်သက်သော Myanmar Charter Set ကို ISO-10646 ဖြင့် သတ်မှတ်ပြီးဖြစ်၍ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းကို ကဏ္ဍ (Phase) ငါးခုဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာစာ ဘာသာရပ် ဆိုင်ရာကိစ္စများကို မြန်မာစာအဖွဲ့ အနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက် ပေးရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ဥက္ကဋ္ဌ ဦးသိန်းဦးက ရှင်းလင်းပြီး စိတ်ပါဝင်စားသူ ပညာရှင်များက မိမိတို့လည်း ကြိုးပမ်းလိုကြောင်း၊ Myanmar Language Forum ကို ပြုလုပ်၍ ကိုယ်ပိုင်ကြိုးပမ်းချက်များ အား ဖိတ်ခေါ်လိုကြောင်းဖြင့် ဆွေးနွေး ကြပြီး မြန်မာစာအဖွဲ့မှ တာဝန်ရှိသူ များကလည်း ဘာသာရပ်ဆိုင်ရာ အချက်အလက်များကို ဆွေးနွေးကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်း ဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဥက္ကဋ္ဌ ဦးသောင်းတင်နှင့်အဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာ ရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီ များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။ (သတင်းစဉ်)

တတိယအကြိမ်မြောက် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက် သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ဒုတိယနေ့ တွင် Role of Women in ICT Industry **အလုပ်ရုံ ဆွေးနွေးပွဲ၌ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးစဉ်။**
(သတင်းစဉ်)

★ ပင်းယမြို့ဟောင်းမှ

အုတ်ကျိုးများကို ဖယ်ရှားရှင်းလင်းရာမှ အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော် ၂၂ ဆူ တွေ့ရှိရသည်။ ယင်း ၂၂ ဆူတို့မှ လက်ရာကောင်းမွန်ပြီး မီးလျှံပုံရောင်လျှန်တော် ပါရှိသည့် ကြေးဆင်းတုတော်တစ်ဆူနှင့် ပဥ္စလောဟာ ဆင်းတုတော်တစ်ဆူတို့မှာ လက်ရာထူးခြား ကောင်းမွန်သပ္ပါယ်လှသည်။

ဖော်ပြထား

အဆိုပါ စေတီတော်မှာ အင်းဝဘုရင်မင်းကြီး စွာစော်ကဲလက်ထက် (မြန်မာသက္ကရာဇ် ၇၂၉-၇၆၂ ကာလဖြစ်၍ ဘုရင်မင်းကြီးစွာစော်ကဲ၏ ကောင်းမှုဖြစ်ကြောင်းနှင့် မြန်မာသက္ကရာဇ် ၇၃၆ခုနှစ်တွင် မဟာသုဓမ္မသာမိအရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် ဇင်းမယ်ရာဇဝင်တို့တွင် ဖော်ပြထားသည်။

ပြိုကျပျက်စီးလျက်ရှိသော ပင်းယ အောင်စည်းခုံစေတီတော်ကြီး တူးဖော်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ရှေးဟောင်းသုတေသနဦးစီးဌာနခွဲ(မန္တလေး)၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်သည်။ (သတင်းစဉ်)

ဆင်းတုတော်များ

ပင်းယမြို့ဟောင်း စေတီတော်ပျက်မှ အင်းဝခေတ်လက်ရာ ဆင်းတုတော်များကို တွေ့ရစဉ်။
(ယဉ်ကျေးမှု)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ခရီးစဉ်များ စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တနင်္သာရီတိုင်း ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းက ဆောင်ရွက်မည့် ဆလုံပွဲတော် အပါအဝင် ကမ်းရိုးတန်းတစ်လျှောက် လေ့လာနိုင်ရန် ခရီးစဉ်များစီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ကရဝိက်နန်းတော်၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် တနင်္သာရီတိုင်း ကော့သောင်းခရိုင် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းပေါ်ရှိ မကြို့လက်ကျေးရွာ၌ ကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်သို့ သွားရောက်နိုင်ရန် ရေယာဉ်ခရီးစဉ်ဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမေးမြန်း

ထို့နောက် ဆလုံပွဲတော်ခရီးစဉ်အတွက် ရှမ်ဘားလားခရီးသွားလုပ်ငန်းက လေယာဉ်ခရီးစဉ် ဆောင်ရွက်ထားရှိမှု အခြေအနေကို အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဘုန်းဝင်းကလည်းကောင်း၊ Khin Maung Kyi &Associate Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ကြည်က ချင်းတွင်းပင်လယ်သွား အပျော်စီးရေယာဉ်ခရီးစဉ် စီစဉ်ထားမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းကြသည်။ (သတင်းစဉ်)

❍ ချင်းတွင်းပင်လယ်သွားမှ

ကြေးမုံ။ ။ ဦးခင်မောင်ကြည်ခင်ဗျား၊ ချင်းတွင်းအပျော်စီးသင်္ဘော ခရီးစဉ်များနှင့် ပတ်သက်၍ သိလိုပါတယ်။

ဦးခင်မောင်ကြည်။ ။ ဆလုံရိုးရာပွဲတော်သို့ ချင်းတွင်းပင်လယ်သွား အပျော်စီးရေယာဉ်ခရီး လုပ်ငန်းကို ဦးစားပေးပြောလိုပါတယ်။ ဆလုံပွဲတော်ကို လန်ပိကျွန်း၏ တောင်ဘက်ရှိ ဗိုလ်ချိုကျွန်း၊ မကြို့လက်ကျေးရွာတွင် ကျင်းပမှာဖြစ်ပါတယ်။ ရန်ကုန်မှ ဗိုလ်ချိုကျွန်းကို ခရီးအားဖြင့် ၃၆၁ မိုင် ဝေးပါတယ်။ ၃၆၁မိုင်ကို ချင်းတွင်းသင်္ဘောနှင့် ၁၃ရက်နေ့တွင် ထွက်ပြီး ၁၇ရက်နေ့တွင် ပြန်ရောက်တဲ့ အစီအစဉ် ဆွဲထားပါတယ်။

ဖေဖော်ဝါရီ ၁၃ရက်နေ့ နံနက် ၇နာရီမှာ ရန်ကုန်ကနေ စထွက်ပါမယ်၊ ၁၄ရက်နေ့ နေ့လယ်ပိုင်းလောက်မှာ ဗိုလ်ချိုကျွန်းကို ရောက်ပါမယ်၊ ဗိုလ်ချိုကျွန်းရောက်ပြီးလျှင် ဗိုလ်ချိုကျွန်းအနီးမှာပဲ ကျွန်တော်တို့သင်္ဘောကို ကျောက်ချရပ်နားပါမယ်၊ အဲဒီကနေ ဗိုလ်ချိုကျွန်းပေါ်ကို ဆင်းပါမယ်၊ ၁၄ရက်နေ့မှာ ဗိုလ်ချိုကျွန်းပေါ် ဆင်းမယ်၊ ၁၅ရက်နေ့မှာ ဗိုလ်ချိုကျွန်းပေါ် ဆင်းမယ်၊ ၁၆ရက်နေ့အထိ ဗိုလ်ချိုကျွန်းပေါ်မှာ ပြပွဲ၊ ပြိုင်ပွဲတွေ၊ ဆလုံလူမျိုးတွေရဲ့ ဘဝကို လေ့လာမယ်၊ ၁၆ရက်နေ့မှာ ဗိုလ်ချိုကျွန်းက ပြန်ထွက်မယ်၊ ရန်ကုန်ကို ၁၇ရက်နေ့မှာ ပြန်ရောက်မယ့် အစီအစဉ်ဖြစ်ပါတယ်။

ကြေးမုံ။ ။ ဈေးနှုန်းတွေက ဘယ်လိုသတ်မှတ်ပါသလဲ။

ဦးခင်မောင်ကြည်။ ဈေးနှုန်းတွေကတော့ လူကြီးကျပ် ငါးသောင်း၊ ကလေးကျပ် သုံးသောင်းဖြစ်ပါတယ်။

ကြေးမုံ။ ။ချင်းတွင်း အပျော်စီးရေယာဉ်ပင်လယ်ခရီးစဉ်ဟာ ပထမဦးဆုံးပါလား။

ဦးခင်မောင်ကြည်။ ။ ကျွန်တော်တို့ဆွဲထားတဲ့ အစီအစဉ်အတိုင်းဆိုရင် ဒုတိယမြောက် ခရီးစဉ်ဖြစ်ပါတယ်။ ပထမအစီအစဉ်က ကော့သောင်းကနေ မြိတ်ကျွန်းစုတစ်ဝိုက်ကို လေ့လာမယ့် ခရီးဖြစ်ပါတယ်၊ ဖေဖော်ဝါရီလ ၆ရက်နေ့မှာ ထွက်ပါမယ်။

ကြေးမုံ။ ။ ဆလုံကျွန်း ခရီးစဉ်မှာ ကမ္ဘာလှည့် နိုင်ငံခြားခရီးသည်တွေ ကောပါမှာလား။

ဦးခင်မောင်ကြည်။ ။ ပါမယ်လို့ မျှော်မှန်းထားပါတယ်၊ ဆောင်ရွက်နေတဲ့ အစီအစဉ်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနှင့် လုပ်နေတာဖြစ်ပါတယ်၊ ဝန်ကြီးဌာနကလည်း ပံ့ပိုးမှာဖြစ်ပါတယ်၊ ကြွရောက်လာကြတဲ့ ခရီးသွား လုပ်ငန်းဌာနများကလည်း ဝိုင်းဝန်းပံ့ပိုးသွားမှာ ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ နိုင်ငံခြားသား ခရီးသွားတော်တော်များများ ပါလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။

ကြေးမုံ။ ။ နိုင်ငံခြားသားခရီးသည်များကို ဘယ်လိုနှုန်းသတ်မှတ်ထားပါသလဲ။

ဦးခင်မောင်ကြည်။ ။ နိုင်ငံခြားသားခရီးသည်အတွက် FEC ၂၅၀ ယူပါမယ်။

ကြေးမုံ။ ။ သင်္ဘောမှာ ခရီးသည် ဘယ်လောက်ဆံ့ပါသလဲ။

ဦးခင်မောင်ကြည်။ ။ ၄၄၀ ခန့်တင်ဆောင်ပါတယ်၊ သင်္ဘောပေါ်မှာ အထူးခန်း (၁၂)ခန်းပါပြီး တစ်ခန်းလျှင် ကျပ် သုံးသောင်း၊ နိုင်ငံခြားသားခရီးသည်အတွက် တစ်ခန်းလျှင် FEC ငါးဒေါ်လာ အပိုကြေး ပေးရပါမယ်။

စားသောက်ရေး အတွက်ကတော့ သင်္ဘောပေါ်မှာ ဆိုင်များဖွင့်လှစ်ထားပြီး မိမိအစီအစဉ်နှင့်မိမိ စားသောက်ကြရမှာဖြစ်ပါတယ်။ ယခုပြောတဲ့ နှုန်းထားများကတော့ ဆလုံကျွန်းအနီးအထိဖြစ်ပြီး ဆလုံကျွန်းပေါ်သို့သွားလျှင် စက်လှေဖြင့် သွားရမှာဖြစ်လို့ စက်လှေခ ပေးဆောင်ကြရမှာဖြစ်ပါတယ်။ မြန်မာလူမျိုးများသည် ရေလမ်းခရီး သွားလာခြင်းအလေ့အထ မရှိတာကြောင့် ရေလမ်းနှင့် ရင်းနှီးအောင် လုပ်ပေးတာဖြစ်ပါတယ်၊ အဲဒါကြောင့် မြသန္တာမြစ်တွင်း အပျော်စီးရေယာဉ်ဆိုပြီးတော့ လုပ်ခဲ့ပါတယ်။ ၁၉၉၆ခုနှစ် မြန်မာ့ခရီးသွားနှစ်က စတင်လုပ်ခဲ့ပါတယ်၊ ခုဆိုရင် အထိုက်အလျောက် အောင်မြင်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ပင်လယ်သွားခရီးထပ်မံတိုးချဲ့ လုပ်ဆောင်မှာဖြစ်ပါတယ်။ ပင်လယ်သွားတာလည်း ပွင့်လင်းရာသီမျိုးမှာ သွားလို့ကောင်းပါတယ်ဟု ပြောကြားသည်။

ချင်းတွင်းပင်လယ်သွား အပျော်စီးရေယာဉ်အနေဖြင့် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၃ရက်အထိ မော်တင်စွန်းဘုရားပွဲ၊ ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၂ရက်အထိ ငပလီကမ်းခြေဒေသ ခရီးထွက်မည်ဖြစ်ပြီး ၁၂၉၊ ဆိပ်ကမ်းသာလမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရှင်းလင်းပြောကြား

တနင်္သာရီတိုင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းက ဆောင်ရွက်မည့် ဆလုံပွဲတော်အပါအဝင် ကမ်းရိုးတန်းတစ်လျှောက် လေ့လာနိုင်ရန် ခရီးစဉ်များ စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲတွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အထက်မြန်မာပြည်ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် မန္တလေးတိုင်းက ကယားပြည်နယ်ကို ကိုးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို မန္တလေးတိုင်းမှ လင်းလင်းနိုင်ဦးက ရရှိသွားသည်။

အောက်မြန်မာပြည်ဇုန် ဟင်္သာတမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံး သမားဆုကို ကချင်ပြည်နယ်မှ မင်းဇော်ဦးက ရရှိသွားသည်။

(သတင်းစဉ်)

ကျေးလက်မြေသားလမ်း

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွက် ကန်တောင်-အုတ်ရှစ်ကုန်း ကျေးလက်မြေသားလမ်း အရှည် ၁၀၁၅ ပေ၊ အကျယ် ပေ ၂၀လမ်းကို ဇန်နဝါရီ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညီညီတင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ သွားရောက်ကြီးကြပ် စစ်ဆေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ် (ဥပဒေပညာ)
  - (ခ) တတိယနှစ်(ဒဿနိကဗေဒ)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ညီအစ်မလေးဖော် (အပိုင်း-၁၉)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လှိုင်းပုနှင့်သောင်းချမ် (အပိုင်း-၂၃)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ပြန်လည် ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့် အဖွဲ့ ပြန်လည် ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသို့ ကွန်ပျူတာနှင့် အဆောက်အအုံလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ကိုရီးယားသမ္မတနိုင်ငံ World Canaan Farmers' Movement မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသို့ ကွန်ပျူတာများ၊ လယ်ယာသုံးစက်ကိရိယာများတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၀၀၀နှင့် အဆောက်အအုံတစ်လုံး တန်ဖိုးကျပ် သိန်း ၁၅၀ အားလှူဒါန်းသည့် အခမ်းအနားကို**(အပေါ်ပုံ)** ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာရှိ Myanmar Canaan Farmers'သင်တန်းကျောင်း၌ ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီတွင် ပြုလုပ်ရာ WCM Movement ဥက္ကဋ္ဌ Dr.Kim Bum II နှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးကြီးကြပ် ညှိနှိုင်းမှုကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ စက်ရုံမှူးများ၊ ခြံတာဝန်ခံများ တက်ရောက် ကြသည်။

သင်ကြားပို့ချ

မြန်မာ-ခါနန် တောင်သူလယ်သမား သင်တန်းကျောင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံမှ NGO အဖွဲ့အစည်းဖြစ်သည့် World Canaan Farmers'Movement အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ပြီး တောင်သူလယ်သမားများအား နည်းပညာဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း သင်တန်းလေးကြိမ် သင်တန်းသား ၁၃၈ဦးအား သင်ကြားပို့ချပေးနိုင်ခဲ့သည်။

(က-ပ)

ဆွမ်းလောင်းအောင်ပွဲ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၁)ရပ်ကွက် သဟပုညကာရီ သံဃဒါန တနင်္လာဝါတွင်းဝါပ ဆွမ်းလောင်းအသင်း ဒသမအကြိမ်မြောက် ဆွမ်းလောင်းအောင်ပွဲနှင့် ဒုတိယအကြိမ် တရားဓမ္မသဘင်ပွဲကို ငါးရက်ကျင်းပမည် ဖြစ်သည်။ ဇန်နဝါရီ ၂၅ရက်တွင် အရှင်ဆန္ဒာဓိက၊ ၂၆ရက်တွင် ဓမ္မဒူတအရှင်ပညိဿရ၊ ၂၇ရက်တွင် အရှင်ခေမာသိရိလင်္ကာရ၊ ၂၈ရက်တွင် အရှင်သိရိန္ဒာဘိဝံသနှင့် ၂၉ ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ ဆရာတော်များက တရားဓမ္မများ ဟောကြားမည်ဖြစ်သည်။

(က-ပ)

အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဇန်နဝါရီ ၂၂

Indian Association of Myanmar (IAM)က ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အဖွဲ့အား ယမန်နေ့ ည၇နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် Indian Association of Myanmar (IAM) ဥက္ကဋ္ဌ Mr. Naresh Dinodiya က နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia က မိတ်ဆက်ဂုဏ်ပြုစကားကိုလည်းကောင်း ပြောကြားကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားက ကျေးဇူးတင် ဝမ်းမြောက်စကားပြန်လည်ပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ စာမူများသတ်မှတ်ရက်အမီပေးပို့ရေး နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ဇန်နဝါရီ ၃၁ရက်ဖြစ်၍ အချိန်မီပေးပို့ကြရန် နှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင်ထုတ်ပြန်ထားသည့်အတိုင်းဖြစ်ပြီး ပြိုင်ပွဲဝင် စာမူများကို အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ အချိန်မီ ပေးပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

ဗန်းမော်နှင့်မူဆယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် သတင်းအရ လွယ်ဂျယ်မြို့ ထန်းညက်ရွာနေ ဆွမ်လွတ်ယောဟန်၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ ဆွမ်လွတ်လရိန်အား တွေ့ရှိရပြီး နေအိမ်အရှေ့ဘက် ၁၅ပေခန့်အကွာ၌ ဝါးရွက်အမှိုက်များဖြင့် ဖုံးအုပ်ထားသည့် ဘိန်းစိမ်း ၁သမ၇၅ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ လွယ်ဂျယ်မြို့ ထန်းညက်ရွာနေ ဦးဆွမ်လွတ်မာယောင်၏သား ဆွမ်လွတ်ယောဟန်နှင့် ၎င်း၏အစ်ကိုဖြစ်သူ အသက်(၄၄)နှစ်ရှိ ဦးဆွမ်လွတ်လရိန်တို့နှစ်ဦးအား လွယ်ဂျယ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၆၉/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်နှင့် မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် သတင်းအရမူဆယ်မြို့ မန်ဝိန်းရပ်ကွက်နေ ခေါင်ရှင်း(ခ)ဟုန်ယီမြင့်၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်တွင် ခေါင်ရှင်းနှင့် အိုက်ယီတို့နှစ်ဦးအား တွေ့ရှိရပြီး နေအိမ်ဧည့်ခန်း ကြမ်းပြင်ပေါ်မှ၉၉၉တံဆိပ်ပါဘိန်းဖြူဘလောက်တုံး တစ်တုံးလျှင် ၃၈၀ဂရမ်စီရှိ ၁၉တုံး (အလေးချိန် ၇ ဒသမ ၂၂ ကီလို) နှင့် တစ်တုံးလျှင် ၁၉၀ ဂရမ်ရှိ ဘလောက်တုံးနှစ်တုံး (အလေးချိန် ၃၈၀ ဂရမ်) စုစုပေါင်းဘလောက်တုံး၂၁တုံးစုစုပေါင်း အလေးချိန် ၇ဒသမ ၆ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မူဆယ်မြို့ စွယ်တော်ရပ်ကွက်နေ ဦးခိုင်ဆမ်း၏ သား အိုက်ယီနှင့် မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာရပ်ကွက်(၃)နေ ဦးမာကမ်း၏သား ခေါင်ရှင်း(ခ)ဟုန်ယီမြင့်တို့အား မူဆယ်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁၅၀/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဆွမ်လွတ်လရိန်နှင့် ဆွမ်လွတ်ယောဟန်တို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

တရားခံ ခေါင်ရှင်းနှင့် အိုက်ယီတို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၅-၁-၂၀၀၄ ရက်

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

၈-၂-၂၀၀၄ရက်နေ့

နှင့်

၂၉-၂-၂၀၀၄ရက်နေ့

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက် အခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ ကိုင်းမိုင်မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သြဝါဒပါတိမောက်အခါတော်နေ့ကို ကျင်းပမည်ဖြစ်၍ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ၅ရက်) ကြာသပတေးနေ့တွင် ဟိတေသီအဖွဲ့ဝင်ယောဂီများနှင့် ဓမ္မမိတ်ဆွေများ၊ အလှူရှင်များ ပါဝင်လှူဒါန်းတက်ရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စက်ရေတွင်း တူးဖော်

ဒီဇင်ဘာ၂၃ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး (စစ်ဆေးရေး) ဦးဝင်းမောင်နှင့်အဖွဲ့ သုံးခွမြို့နယ်မှ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်း ဖြစ်သော ကျားဘိုကျေးရွာ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုလမ်းညွှန် ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ် ၂၀၀၄ ကုန်စည်ပြပွဲကို တောင်ကြီးမြို့တွင် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်ထိ လည်းကောင်း၊ အောင်ပန်းမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်ထိ လည်းကောင်း သက်ဆိုင်ရာ အား/ကာ ခန်းမအသီးသီးတွင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အထူးဈေးနှုန်းဖြင့်

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အဆင့်မြင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးနှင့် အားပြည့်အာဟာရအချိုရည်အမျိုးမျိုး၊ ကော့စမစ်တစ်နှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ လယ်ယာသုံး ဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ပလတ်စတစ်ဖိုင်ဘာပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံးဆေးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်း အမျိုးမျိုး၊ မြန်မာ့အိမ်တွင်း လက်မှုအနုပညာထုတ်လုပ်မှုဆိုင်ရာ အလှဆင်ပစ္စည်းအမျိုးမျိုး အနောက်တိုင်းဆေးဝါးအမျိုးမျိုးတို့ကို ပြခန်းများ၌ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

ပြပွဲလာ ပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာပေးခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်၍ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေး လှည့်လာဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

မိမိတို့၏ စံချိန်မီအရည်အသွေးများဖြင့် ထုတ်လုပ်ထားသော အဆင့်မြင့်ထုတ်ကုန်ပစ္စည်းကို ပြသရောင်းချလိုသည့် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၊ ပုဂ္ဂလိက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အတတ်ပညာရှင်များသည် HORIZON လုပ်ငန်း ဖုန်း-၅၄၇၂၇၉၊ ၀၉-၈၀-၃၄၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က-ပ)

ဒဂုန်ရွှေမျှားစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

စာရေးဆရာကြီး ဒဂုန်ရွှေမျှား ဘာသာပြန်သော ကျွန်မင်းသားစာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်(၁၅၃)၊ ၅(က)လွှာ Quality Publishing House စာအုပ်တိုက် ဖုန်း-၇၀၆၄၁၄၊ ၇၂၁၀၆၇က မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

(က-ပ)

အမေ့ကြေးစည်သံ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

ချစ်နိုင်(စိတ်ပညာ)၏ **အမေ့ကြေးစည်သံ**စာအုပ်ကို ရန်ကုန်မြို့ ကန်တော်ကလေး မန္တလေးလမ်း အမှတ်(၅၁) အားမာန်သစ်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

(ဝဲပုံ) (က-ပ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၂

ဗိုလ်ကြီးစံငွေမောင် (ငြိမ်း)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ၁၈ ရက်နံနက်၉ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးထွန်းညွန့်၊ ဒုတိယ ဗိုလ်မှူးကြီးသိန်းဝင်းနှင့် ဗိုလ်မှူးမြင့်သိဏ်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ (၁၅၀)ကိုက်အကွာမှ DUNLOP TITANIUM (2) ဘောလုံးကို BROWNING IRON တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ၁၀ ရက်က အမှတ် (၃၄) အခြေခံပညာ မူလတန်းကျောင်း တာမွေမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းသိန်းက သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ထူးချွန်ဘက်စုံပထမဆုရရှိသူ မပြတ်သဇင်စိုးမိုးအား ဆုချီးမြှင့်စဉ်။

(က-ပ)

အကယ်ဒမီခုနှစ်ဆုကား ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၂ ခုနှစ်အတွက် အကယ်ဒမီဆုများ ဆွတ်ခူးခဲ့သည့် ဒါရိုက်တာပန်းချီစိုးမိုးရိုက်ကူး၍ ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်တို့ သရုပ်ဆောင်ကြသည့် **ငါသူတစ်ပါးယောကျ်ားမိန်းမ** ဇာတ်ကား နေပြည်တော်ရုံနှင့် သာကေတ မြရတနာရုံများ၌ ပရိသတ်၏ တောင်းဆိုချက်အရ ပြန်လည်ပြသသည်။

ထို့ပြင် ဒါရိုက်တာ မောင်တင်ဦးရိုက်ကူး၍ ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **နေကမွေးတဲ့လ** ဇာတ်ကား ဝဇီရာ၊ ရွှေမန်း၊ သီတာနှင့် စံပြရုံများ၌ ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကားသစ်

ယခုသောကြာပတ်တွင် မြို့မရုံ၌ အိန္ဒိယရုပ်ရှင်ဇာတ်ကားသစ် Maine Dil Tujhkodiya အမည်ရှိ ဇာတ်ကား ရုံတင်ပြသနေသည်။ ဆန်ဂျေးဒတ်၊ ဆိုဟီခန်း၊ ဆမီလာတို့ သရုပ်ဆောင်ထားသော အချစ်နှင့် အက်ရှင်ဇာတ်ကားဖြစ်သည်။

မေတ္တာဘွဲ့

ဆုထူးပန်ရုံ၌ Mela အမည်ရှိ အိန္ဒိယမေတ္တာဘွဲ့ဇာတ်ကား ရုံတင်ပြသနေသည်။ အမစ်ခန်၊ ဖိုင်ဇယ်ခန်းနှင့် ကယ်လ်ခန်နာတို့ သရုပ်ဆောင်ကြသည်။ ရွှေဂုန်၊ ရွှေဗဟိုနှင့် ဧရာဝတီရုံများတွင် ဒါရိုက်တာမီးပွား၏ **မှတ်ထား** ဒီဗွီဒီဇာတ်ကား ပြသနေသည်။ ရန်အောင်၊ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့ ပါဝင်ကြသည်။

အက်ရှင်ဇာတ်ကား

ရတနာပုံရုံ၌ Chuk Norris ပါဝင်သော The Octagon အမည်ရှိ နင်ဂျာဇာတ်ကား ရုံတင်ပြသနေသည်။ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကား ဖြစ်သည်။

(ကြေးမုံ)

ပေါက်ပေါက်မြောက်မြောက် ဇာတ်ကားမှ ရာဇာနေဝင်းနှင့်စိုးမြတ်နန္ဒာတို့၏ ဇာတ်ဝင်ခန်း။



ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဇာတ်ကားမှ မေသန်းနု၊ ခင်ဇာခြည်ကျော်နှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်မှုမြင်ကွင်း။

ပေါက်ပေါက်မြောက်မြောက်ဇာတ်ကားသစ် ရုံတင်

ရန်ကုန် ဇန်နဝါရီ ၂၂

ယခုသောကြာပတ်တွင် ရုပ်ရှင်ဇာတ်ကားသစ်အဖြစ် လူစွမ်းကောင်းရုပ်ရှင်မှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် **ပေါက်ပေါက်မြောက်မြောက်** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသနေသည်။

ရန်ကုန်သားနှင့်ကျေးရွာသားတို့၏ ဘဝအခြေအနေမတူပုံ၊ ညီအစ်ကိုနှစ်ယောက်ငယ်စဉ်က ကွဲကွာသွားရာမှ ပြန်လည်ဆုံစည်းကြပုံ၊ ယင်းသို့ဆုံစည်းရာတွင် ချစ်သူအသီးသီးနှင့် ဖြစ်နေကြပုံများကို ခပ်ရွှင်ရွှင်ဇာတ်မြူးအဖြစ် နှစ်သစ်တွင်အပန်းဖြေရှုစားနိုင်ရန် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။ ရာဇာနေဝင်း နှစ်ကိုယ်ခွဲ၍ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာနှင့် ဟာသသရုပ်ဆောင်များ ပါဝင်ထားကြသည်။



Maine Dil Tujhko Diya အိန္ဒိယ ဇာတ် ကား မှ သရုပ်ဆောင်မှု မြင်ကွင်း။

မျက်နှာများတဲ့ကောင်းကင် မကြာမီ ရုံတင်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဘရဏီရုပ်ရှင်မှ ရိုက်ကူး၍ ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ပါဝင်သရုပ်ဆောင်သည့် **မျက်နှာများတဲ့ကောင်းကင်** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့်မင်္ဂလာရုံကြီးများတွင် မကြာမီရုံတင်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

အိပ်မက်နတ်သမီးအောင်ပွဲခံ

ရန်ကုန် ဇန်နဝါရီ ၂၂

ဆက်လက်၍ မိုးကောင်းရုပ်ရှင်မှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့ ရိုက်ကူး၍ ဒွေး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်သည့် **အိပ်မက်နတ်သမီး** အချစ်သရုပ်ပြ ဇာတ်ကားမှာ ရွှေ့ဆောင်နှင့် နဝဒေးရုံများ၌ အောင်ပွဲခံပြသဆဲရှိသည်။

ကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေး ရှင်းလင်း မူလတန်းကျောင်းသားများ သန်ချဆေး တိုက်ကျွေးမည်

ပုသိမ် ဇန်နဝါရီ ၂၀

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန (ကျောင်းကျန်းမာရေး စီမံချက်)မှ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဧရာဝတီတိုင်းအတွင်း ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းနှင့် မူလတန်းအရွယ် ကျောင်းသားများအား သန်ချဆေးတိုက်ကျွေးရေးလုပ်ငန်း ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့ ရောရွှေဝါခန်းမတွင် ကျင်းပသည်။

အဖွင့်အမှာစကားပြော

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းပညာရေးမှူး ဦးမောင်မောင်နှင့် ၂၆ မြို့နယ် ပညာရေးမှူးများ၊ ပုသိမ် ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီး များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ဆရာဝန်များ၊ မူလတန်းကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုး သမီးရေးရာလုပ်ငန်းကော်မတီနှင့် မိခင် နှင့် ကလေး စောင့်ရှောက်ရေး အသင်း တို့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပုသိမ်သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းအုပ်နှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်သက်သက်ဇင်(ကျောင်း ကျန်းမာရေး)က တိုင်းအတွင်းရှိ မူလတန်းဆင့် ကျောင်းသားကလေး များအား သန်ချဆေး တိုက်ကျွေးရေး ရှင်းလင်းပြောကြားသည်။ သန်ချဆေး တိုက်ကျွေးမှုမှာ ဧရာဝတီတိုင်းသည် ပထမဆုံးဖြစ်ကြောင်း သိရသည်။

(၅၆၅)

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်က ဘုရားကြီးလမ်းကို ကတ္တရာဖြင့် လမ်းပေါက်ဖာထေး ပြင်ဆင်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ–၂ (မြို့ပြ) ဦးမင်းသိန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့၏ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော် မြတ်ကြီး၏ ငှက်ပျောဖူးတော်တွင် ၉"x၉"ပတ်လည် ရွှေစင်ရွှေပြား ကပ်လှူနိုင်ရန်အတွက် ဇန်နဝါရီ ၁၃ ရက်က တောင်ငူမြို့ (၁၆)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနေ သီရိသုဓမ္မသီဂိ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂိ ရွှေနှင်းဆီ ဒေါ်အုန်းခင်က အခေါက်ရွှေအလေးချိန် ၇၁ ကျပ်သား သုံးပဲ ငါးရွေးကို ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကသို့ လှူဒါန်းစဉ်။

(က–ပ)

ဇန်နဝါရီ ၁၁ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် ဒဂုံမြို့ ဦးကျောင်းတိုက် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူ ကျောင်းသားတစ်ဦးအား ကျောင်းဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဉာဏောဒယက ဆုချီးမြှင့်စဉ်။

(က–ပ)

ကြက်ဆူကျင်း အထက(ခွဲ) စုံညီပွဲတော် ကျင်းပ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်

ရေစကြို ဇန်နဝါရီ ၁၇

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်း အထက(ခွဲ) ပဉ္စမအကြိမ်မြောက် စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ အတွင်းရေးမှူးဦးစန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင် အေးဆွေနှင့် ရေစကြိုအထက(၁)၊ အထက(၂)တို့မှ ကျောင်းအုပ်ကြီးများ၊ ကြက်ဆူကျင်း တိုက်နယ်အတွင်းရှိ ကျေးရွာဥက္ကဋ္ဌများ၊ အလကများ၊ မူလတန်း ကျောင်းများမှ ကျောင်းအုပ်များ၊ ကြက်ဆူကျင်း တိုက်နယ် ဆေးရုံ ဆရာဝန်နှင့် သူနာပြုဆရာမများ၊ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ကြက်ဆူကျင်း အထက(ခွဲ)မှ တိုင်းအဆင့် တတိယဆုရ မောင်ဟန်ဆွေနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများက အနုပညာဖြင့် ဖျော်ဖြေ တင်ဆက်ပြီး ဆုချီးမြှင့်ရာ တိုင်းတတိယဆုရ မောင်ဟန်ဆွေနှင့် ဆုရကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ၊ ကြက်ဆူကျင်း အထက(ခွဲ) တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်တင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(က–ပ)

မိုးကောင်းမြို့နယ် ကျေးလက် ကျောက်ချောလမ်းဖွင့်

မိုးကောင်း ဇန်နဝါရီ ၁၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပြီးစီးသည့် ကုလားကုန်း–ရေရှင် ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က လမ်းမှန်ဦး၌ ကျင်းပရာ ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နိုင် တက်ရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ပုံ)

ကုလားကုန်း–ရေရှင် ကျေးလက် လမ်းသည် အရှည် ၂၅၇၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး မိုးကောင်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ် ၃၆ သိန်း အကုန်အကျခံကာ ကျောက် ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(၄၉၉)

သန်လျင်မြို့ ပဲခူးစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျောင်းခန်းမ၌ ပြုလုပ်ရာ မြို့နယ်ဘက်စုံထူးချွန် ပထမဆုရ မမြတ်ဖူးငုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဆွေက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၂၇)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ညောင်ဦးမြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်

ညောင်ဦး ဇန်နဝါရီ ၁၃

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦး(ပုဂံ)မြို့ ဓမ္မရာဇကစေတီတော် အဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းမှန်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းက လမ်းနှင့်ပတ်သက်သည့်အချက်အလက် များကို ရှင်းလင်းတင်ပြပြီး လမ်း ထိန်းသိမ်းရေးကော်မတီဝင် ဦးကြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။ ယင်းနောက် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးကံလှနှင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး မြင့်သိန်း တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ၁၃၃၄ ပေ၊ အကျယ် ၁၂ ပေရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေ ကျပ် ၂၇၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

(၉၁)

မြို့နယ်သတင်းများ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ရွာမလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် အမှုဆောင်အရာရှိ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကတ္တရာလမ်းသစ်ဖွင့်

ကြံခင်း ဇန်နဝါရီ ၁၆

ကြံခင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်လမ်း(ရွှေတောင်စု ရပ်ကွက် အပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါလမ်းဖွင့်ပွဲ မှန်ဦးတွင် ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုနှင့် စည်ပင်သာယာရေး အမှုဆောင် အရာရှိ ဦးအောင်ဘွားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။

(က–ပ)

မော်လမြိုင်မြို့တွင် စာပေဟောပြောပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁၈

၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်း အမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို မော်လမြိုင် ပညာရေး ကောလိပ် ပညာညီလာခန်းမတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးခင်ထွန်း (ကျော်ဟိန်း အောင်)နှင့် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဇော်မိုးတို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ စာဆို တော်နေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသူ၊ ကျောင်းသားများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်သည်။

ထို့နောက် စာရေးဆရာ ကာတွန်း မြေဇာ၊ စာရေးဆရာမ မိချမ်းဝေ၊ စာရေး ဆရာ ဒေါက်တာသက်လွင်တို့က စာပေ ရေးရာများကို ဟောပြောကြပြီး ည ၇ နာရီတွင် မော်လမြိုင်မြို့ မြိုင်သာယာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး ခန်းမ၌ စာပေရေးရာ များကို ဆက်လက်ဟောပြောကြသည်။

(က–ပ)

Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ နိုင်ငံတကာပြိုင်ပွဲအဖြစ် ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်အားကစားနည်းပညာ တိုးတက်လေ့လာသိရှိနိုင်ရေးနှင့် မြန်မာ့ဂေါက်သီးရိုက် အကျော်အမော်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးတို့ကို ရည်ရွယ်လျက် Myanmar Professional Golfers Association (MPGA)နှင့် Asian Tourတို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိကပံ့ပိုးမည့် ၂၀၀၄ခုနှစ် မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံတကာပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ၁၂ရက်မှ ၁၅ရက် အထိ ရန်ကုန်မြို့ တညင်းကုန်း ရန်ကုန် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်မည်

Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊တရုတ်(တိုင်ပေ)၊ ကနေဒါ၊ အီကွေဒေါ၊ အင်္ဂလန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကင်ညာ၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စကော့တလန်၊စင်ကာပူ၊တောင်အာဖရိက၊ သီရိလင်္ကာ၊ ဆွီဒင်၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စုနှင့် မြန်မာတို့မှ အမျိုးသား ဂေါက်သီးအကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ပြီးခဲ့သည့်ပြိုင်ပွဲများ၌ ဗိုလ်စွဲခဲ့ကြသည့် ချန်ပီယံများဖြစ်ကြသော ယမန်နှစ်က Lin Keng-Chi (တရုတ်တိုင်ပေ)၊ ၂၀၀၂ခုနှစ်က Thon Chai Jaidee(ထိုင်း)၊ ၂၀၀၁ခုနှစ်က Anthony Kang (အမေရိကန်ပြည်ထောင်စု)၊ ၁၉၉၉ခုနှစ်က Wang Ter Chang(တရုတ်တိုင်ပေ)၊ ၁၉၉၈ ခုနှစ်က Taimur Hussain (ပါကစ္စတန်)၊ မြန်မာနိုင်ငံတွင် နှစ်ကြိမ်ဆက်တိုက်ဗိုလ်စွဲခဲ့သော (၁၉၉၆-၉၇) Boonchu Rungkit (ထိုင်း)၊ ဂျပန်နိုင်ငံဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဇော်မိုး၊ ၁၉၉၉ခုနှစ် Order of Merit Winner ကြည်လှဟန်၊ Myanmar P.G.A ၊ ချန်ပီယံများဖြစ်ကြသော အောင်ဝင်း၊ စိုးကျော်နိုင်၊ ဇော်ပိုင်ဦးနှင့် ဇော်ဇော်လတ်တို့အပါအဝင် ဂေါက်သီးရိုက် အစွမ်းအစရှိသော Myanmar P. G. A ဂေါက်သီးရိုက် အားကစားသမားများနှင့် အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများမှ နာမည်ကျော် ဂေါက်သီးရိုက်အားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကြည့်ရှုအားပေးနိုင်

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၀၄ ခုနှစ် Myanmar Openဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ အားပါးတရ ကြည့်ရှုအားပေးနိုင်ရေးအတွက် ရန်ကုန်မြို့ တညင်းကုန်း ရန်ကုန်ဂေါက်ကလပ်တွင် ဝင်ကြေးမရှိ အခမဲ့ ဝင်ရောက်ကြည့်ရှု အားပေးနိုင်သည်။

မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို Rothman of Pall Mall Myanmar Pte., Ltd; Co-Sponsor Myanmar Airways International (MAI); Sedona Hotel Yangon, The Official Hotel of The Myanmar Open; Wilson, The Official Ball of The Myanmar Open; And Grand Slam(Munsing Wear), Inetol (Headwear Company), Canon (Accel International Co., Ltd.), Maruman (Kaung Myat Co., Ltd.), Dagon Beer (Dagon Brewery Company Limited), Mims Logistics, Max Myanmar Co., Ltd, United Paints Group (UPG) And Alpine Purified Drinking Water (LOI-HEIN Co., Ltd.) တို့က ပံ့ပိုးကူညီကြမည်ဖြစ်သည်။

၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Han Event Management နှင့် Octagon တို့က ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဗွီစီဒီသရုပ်ဆောင်ပညာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

နတ်သမီး အနုပညာလုပ်ငန်းစုမှ ကြီးကြပ်စီစဉ်သော ဗွီစီဒီသရုပ်ဆောင်ပညာ သင်တန်းကို ဇန်နဝါရီ၃၀ရက်၌ စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါသင်တန်းကို နိုင်ငံကျော် အနုပညာရှင်များက အလှည့်ကျ သင်ကြားပေးကြမည်ဖြစ်ပြီး စာတွေ့သာမက လက်တွေ့သင်ခန်းစာများဖြင့်လည်း ထိရောက်စွာ ပို့ချပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သီအိုရီအဖွဲ့ ပါဝင်သီဆိုထားသော YGN အမည်ရှိ သီချင်းဗွီစီဒီတွင် ပါဝင်သရုပ်ဆောင်နိုင်ရန် စီစဉ်ထားသည်။ ထို့ပြင်နတ်သမီး အနုပညာလုပ်ငန်းစု၏ ရုပ်မြင်စာအုပ်အစီအစဉ်နှင့် အနုပညာ အေဂျင်စီတို့တွင် ပါဝင်နိုင်ပြီး အနုပညာလောကမှ အဆက်အသွယ်ပေါင်းများစွာ ရရှိမည်ဖြစ်သည်။

သင်တန်းတစ်ခုလျှင် သင်တန်းသားဦးရေ၀ယောက်သာ ကန့်သတ်လက်ခံမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နတ်သမီးအနုပညာလုပ်ငန်းစု၏ အခြားသောသင်တန်းများဖြစ်သည့် ဇာတ်ညွှန်းရေးနည်းသင်တန်း၊ ခေတ်ပေါ်အကသင်တန်း၊ ကာတွန်းသင်တန်း၊ စာနယ်ဇင်းသင်တန်း၊ အဆိုသင်တန်း၊ ဂစ်တာတီးသင်တန်း၊ ပန်းချီသင်တန်းနှင့် ဆက်ဆံပေါင်းသင်းခေါင်းဆောင်ခြင်း သင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ်-၂၉၁၊ လမ်း၄၀ အထက်ဘလောက် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၈၁၁၇၈၊ ၃၈၁၉၃၅၊ ၇၂၅၁၁၀ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်သည်။

(က-ပ)

အိုင်စီတီပြပွဲကိုဆိုဂုဏ်ပြု မြန်မာ့တူရိယာအသံစီဒီထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာ့တူရိယာသံများအား ဂီတကိုစိတ်ဝင်စားသော မြန်မာလူငယ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် Post Production လုပ်ငန်းနယ်ပယ်အသီးသီးတွင် မြန်မာ့တူရိယာသံများကို အခက်အခဲမရှိ အသုံးပြုနိုင်ရန်၊ နိုင်ငံတကာ ဂီတပညာရှင်များ မြန်မာတူရိယာအသံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်လျက် ကွန်ပျူတာဖြင့် မြန်မာ့ဂီတသံစဉ်များ ဖန်တီးခြင်းကဏ္ဍ၌ အသုံးပြုနိုင်သည့်အသင့်စီစဉ်တည်းဖြတ်ပြီး One Shotအဖြစ် ပြုလုပ်ထားသော မြန်မာ့တူရိယာအသံများ ပါဝင်သည့် CDကို တတိယအကြိမ်မြောက် ICT Weekကို ဂုဏ်ပြုသောအားဖြင့် Youth Computer Co.,Ltd အမှတ်(၃၀၇) ဒုတိယထပ် ကျိုက္ကဆံလမ်း တာမွေ ဖုန်း-၇၁၀၄၅၃၊ အမှတ်(၁၁၈) မြေညီ (၃၉)လမ်း(အောက်) ကျောက်တံတား ဖုန်း-၃၇၆၄၁၈မှ ထုတ်ဝေဖြန့်ချိလိုက်သည်။**(အောက်ဝဲပုံ)** ၎င်း CDတွင် ဗုံ၊ မောင်း၊ လင်းကွင်း၊ ခြူ၊ စည်းနှင့်ဝါး၊ ဝါးလက်ခုပ်၊ ကြေးစည်နှင့် Tone Machineမှ ပြုလုပ်ထားသော စက်တီးဗုံသံများနှင့်နမူနာတီးလုံးများ၊ ၎င်းအသံများနှင့် တွဲအသုံးပြုမည့် Fruity Loops Software တို့ ပါဝင်သည်။ ၎င်း CDဖြင့် ရုပ်ရှင်၊ ဗီဒီယို၊ တီဗွီကြော်ငြာ၊ အင်တာနက်ကြော်ငြာ၊ ကွန်ပျူတာဂိမ်းများ၊ သင်ကြားရေး အထောက်အကူဗွီစီဒီများ၊ သမိုင်းဝင် သရုပ်ပြဗွီစီဒီများတွင် နောက်ခံတီးလုံးများအဖြစ် အခက်အခဲမရှိ သုံးနိုင်ခြင်း၊ ထုတ်ကုန်များအတွက် ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ဇန်နဝါရီ ၂၁ရက်မှ ဇန်နဝါရီ ၂၇ရက်အထိ MICT Parkတွင်ကျင်းပမည့် ICT Weekတွင် Building 7၊ ပထမထပ် Room 6, Youth ပြခန်းတွင် သရုပ်ပြရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)



မြန်မာ ICTရက်သတ္တပတ် ၂၀၀၄ (ဇန်နဝါရီ ၂၁-ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်

၀၉:၀၀ နာရီ Database Trend Technology (Workshop)
၁၃:၀၀ နာရီ Object Oriented Software Development With Unified Modeling Language(Workshop)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်

၀၉:၀၀ နာရီ Software Products for SME (Presentation & Promotion)
၁၃:၀၀ နာရီ Software Products for SME (Presentation & Promotion)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်

၀၉:၀၀ နာရီ Security issues and related products(Seminar)
၁၃:၀၀ နာရီ e-Procurement(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်

၀၉:၀၀ နာရီ Wireless and broadband application(Seminar)
၁၃:၀၀ နာရီ Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့ အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

ပြည်ထောင်စုနေ့ကိုဆိုဂုဏ်ပြု ကျေးလက်မြေသားလမ်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရီရှူးမန်ခန်-မန်သဲကျေးရွာမြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက်နံနက်ပိုင်းတွင် ရီရှူးမန်ခန်ကျေးရွာမုခ်ဦး၌ကျင်းပရာ အခမ်းအနားသို့ မန်စီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ မန်စီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး စိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်က မြေသားလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ မန်သဲကျေးရွာဥက္ကဋ္ဌ ဦးကြွက်နီက ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်လှစ်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။ ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒု-ရဲမှူးစိန်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်တို့က မြေသားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရီရှူး မန်ခန်-မန်သဲကျေးလက်မြေသားလမ်းဖောက်လုပ်ရာ၌ မြို့နယ်စည်ပင်နှင့် ကျေးရွာပြည်သူတို့၏ ထည့်ဝင်ငွေများဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ကလေးများအတွက်ကွန်ပျူတာနှင့်အင်္ဂလိပ်စာ နွေရာသီ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

နွေရာသီ ကျောင်းပိတ်ရက်တွင် ကလေးများ၏ အားလပ်ရက်လေးများအား တန်ဖိုးရှိစွာ အချိန်ကုန်နိုင်စေရန်အတွက် TECH Training Centre တွင် Computer& English for Kids သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းတွင် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောအား နားလည်တတ်ကျွမ်းစေရန်၊ ကွန်ပျူတာနှင့် ပတ်သက်ပြီး ရင်းနှီးနားလည်စေရန်နှင့် နည်းပညာပိုင်းများ တိုးတက်မြင့်မားနေသော ICT ခေတ်တွင် Software များရေးဆွဲရာ၌အဓိကကျသော အခြေခံ Programming အပိုင်းများအား စိတ်ဝင်စားမှု ရှိလာစေရန်တို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်မည်ဖြစ်သည်။ ICT ခေတ်နှင့်အညီ အသစ်တဖန်တိုးမြှင့်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည်ဖြစ်သည်။

၂၀၀၃ခု မေလတွင် သင်တန်းပြီးခဲ့သည့် ကျောင်းသားဟောင်းများအတွက် ၁၀ ရာခိုင်နှုန်း Discount ရှိကြောင်းနှင့် အလယ်တန်းကျောင်းသားများအတွက် Grammar နှင့် Special သီးသန့်သင်တန်းများလည်း သင်ယူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ သင်တန်းအပ်နှံလိုပါက TECH Training Centreအမှတ်(၄၁)၊ ရန်ကုန်-အင်းစိန်လမ်း လှည်းတန်းမီးပွိုင့်အနီး ကမာရွတ်မြို့နယ် ဖုန်း-၇၀၅၇၀၂၊ ၅၀၅၉၈၆ နှင့် ၅၃၉၅၃၁တို့သို့ လာရောက် အပ်နှံနိုင်သည်။ (က-ပ)

ကြော်ငြာချက်

ကျွန်တော်၏ မိတ်ဆွေတစ်ဦးမှ ဒေါ်မမကြီး (၁၂/စခန(နိုင်)၀၁၄၆၀၁) ပိုင်ဆိုင်သော စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ တိုက်အမှတ်(၅၄)၊ ပထမထပ် (ခြေရင်းခန်း) ဘီ-၂ အခန်းကို ဝယ်ယူရန်စရံငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာချက်ပါရှိသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးပိုင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးလှိုင်စိုး (၃၅၇၁)
တရားရုံးချုပ်ရှေ့နေ
၅၈၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့။



မြင်းခြံမြို့နယ် ပြည်သာယာ မြေသားလမ်းဖွင့် မြို့မဈေးကြီး အခြေအနေ ကြည့်ရှုစစ်ဆေး

မြင်းခြံ ဇန်နဝါရီ ၁၃

မန္တလေးတိုင်း မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်သည် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အတူ ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဖောက်လုပ်ခဲ့သည့် ပြည်သာယာ မြေသားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

သွားရောက်စစ်ဆေး

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့သည် မြင်းခြံမြို့ စက်မှုဇုန်အတွင်းရှိ လမ်းသွယ်လမ်းမကြီးများ သွားလာဆက်သွယ်ရေး ကောင်းမွန်မှုအတွက် လမ်းများ ကျောက်ချောလမ်းခင်းရန် ကွင်းဆင်းစစ်ဆေးပြီး စက်မှုဇုန်တွင် မြေလတ်ဂျစ်ကားထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်သည်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့်အတူ မြို့တွင်းလမ်းများ ပြုပြင်နေသည့် အခြေအနေနှင့် မြင်းခြံမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(၁၁၄)**

ရေဝတီတိုင်း အင်္ဂပူမြို့နယ် အင်္ဂပူမြို့ ဦးတင်ဦး ဘိုးဘွားရိပ်သာအတွက် ပင်မငွေပဒေသာပင်အဖြစ် ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့မှ အလှူရှင် ဦးမြင့်အောင်-ဒေါ်တင်တင်ဝင်း မိသားစုတို့က ဒုတိယအကြိမ်ငွေကျပ် ၁၀ သိန်း ငါးသောင်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က လက်ခံရယူစဉ်။ (၁၉၁)

ချမ်းသာကြီးစေတီ ဘက်စုံပြုပြင်မည်

လပွတ္တာ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လပွတ္တာလုပ်မြောက်ကျေးရွာအုပ်စုတွင် ရှေးနှစ်ပေါင်း ၅၀၀ ခန့်က ဓမ္မစေတီမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော် ၃၁ တောင် အမြင့်ရှိ ချမ်းသာကြီးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်နှင့် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ရပ်ဝေးရပ်နီးမှ လှူဒါန်းပူဇော်ကုသိုလ်ယူနိုင်ကြစေရန် ပြန်/ဆက် ဦးစီးဌာနနှင့် လပွတ္တာလုပ်မြောက်ကျေးရွာ ချမ်းသာကြီးစေတီတော် ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၇၆)**

ဗုဒ္ဓပူဇနီယပွဲတော် ဆက်သွယ်လှူဒါန်းနိုင်

လှိုင်သာယာ ဇန်နဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင်လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်နှင့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

ရွှေသင်္ကန်းကပ်လှူ ပူဇော်လိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၂၄၇၂၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၄၉)**

နွေစပါးစိုက်ပျိုးရေး တာဝန်ပေးအပ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဟောပြော

ဝက်လက် ဇန်နဝါရီ ၁၇

ရွှေဘိုခရိုင် ဝက်လက်မြို့မစခန်းနယ်မြေ မြင်တော်အုပ်စု သခွတ္တော(တောင်)ကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၇ ရက်က နွေစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲကျင်းပရာ စီမံကိန်းဦးစီးအရာရှိ ဦးကျော်ညွန့်က နွေစပါးစိုက်ပျိုးရေး၊ ရေရရှိရေးနှင့် စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်စု တာဝန်ခံက နွေစပါးစီမံကိန်း ပြည့်ဝစွာ စိုက်ပျိုးနိုင်ရေးအတွက် လယ်ကြားမြောင်းများ တူးဖော်ရေး၊ နွေလယ်ရေပြုပြင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ရေးတို့ကို ရှင်းလင်းဟောပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ရွာရှည်အုပ်စု ပလောင်ကျေးရွာ တောင်သူကြီး ဦးတင်အောင်နှင့် ဦးငွေးချွန်တို့၏ ဆောင်းမြေပဲ အထူးအထွက်တိုး စံပြစိုက်ခင်းတွင် ဆားလင်းကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဘတိုးက ဇန်နဝါရီ ၁၀ ရက်က နည်းစနစ်မှန်ကန်ရေး လက်တွေ့ကွင်းဆင်း ဆောင်ရွက်စဉ်။ (၄၃၅)

မွန်ပြည်နယ် ကျိုက်ထိုမြို့တွင် တည်ရှိသော ရေးဟောင်း မဟာမုနိရုပ်ပွားတော်ဘုရားကြီး ထီးတော်သစ် တင်လှူပူဇော်ရန် ဇန်နဝါရီ ၁၈ ရက်က ကျိုက်ထိုမြို့ ကန့်ကော်ရပ်ကွက် ဘုရားလမ်းနေ အလှူရှင် ဦးအောင်ငွေ-ဒေါ်လှတင် မိသားစုက ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးသန်းမြင့်က လက်ခံယူစဉ်။ (၃၅၄)

လူငယ်များ အသိပေးညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ သင်တန်းရည်ရွယ်ချက်များ အသေးစိတ်ရှင်းလင်း

ဟားခါး ဇန်နဝါရီ ၁၃

လူငယ်များအတွက် မှတ်သားဖွယ်ရာ အဖြာဖြာသင်တန်း အသိပေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဟားခါးမြို့နယ် အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာဒေါ်တင်ညိုက သင်တန်းနှင့် ပတ်သက်သော လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာ ဖွဲ့စည်းမှု၊ တာဝန်ခံအဖွဲ့၊ သင်တန်းဆရာများ၊ သင်တန်းသားဦးရေ၊ အသက်အုပ်စု၊ သင်တန်း၏ ရည်ရွယ်ချက် အဓိကရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းသည်။

(ခရိုင်ပြန်/ဆက်)

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် ရွှေဟသာ်ဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် ဒု-ဦးစီးမှူး (အခွန်) ဦးသန်းထွန်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဇန်နဝါရီ ၁၅ ရက်က ပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးများ လဲလှယ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု နောင်ချိုမြို့နယ်တွင် ကျောက်ချောလမ်းဖွင့်

နောင်ချို ဇန်နဝါရီ ၁၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် တောင်ရပ်ကွက် ချယ်ရီလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အဆိုပါလမ်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က တောင်ရပ်ကွက် ချယ်ရီကျောက်ချောလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ချယ်ရီကျောက်ချောလမ်း အရှည်ပေ ၉၀၀၊ လမ်းအကျယ် ၁၂ပေရှိပြီး ယခင်မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ခုနစ်သိန်းကျော် အကုန်ကျခံကာ ခင်းကျင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၂၄၂)**

မြို့နယ် သတင်းများ

ဆောင်းပါးပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

ကောလင်း ဇန်နဝါရီ ၁၃

ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အနာကြီးရောဂါ တိုက်ဖျက်ရေးအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ရွှေမော်ကွန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်ရီရီ၊ အသင်းဥက္ကဋ္ဌ ဒေါ်လင်းကြည်နှင့် အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြပြီး ဆုပေးပွဲတွင် နာယက ဒေါ်ရီရီက ပထမဆုရ မောင်စံဟိန်း၊ ဒုတိယဆုရ မောင်အောင်သူရှိန်၊ တတိယဆုရ မောင်ပြည့်စုံအောင်တို့အား အသင်းဥက္ကဋ္ဌဒေါ်လင်းကြည်က ဆုများပေးအပ်ချီးမြှင့်သည်။ **(၂၁၄)**

သရုပ်ပြလေ့ကျင့်

မြင်းခြံမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး အစမ်းလေ့ကျင့်မှုကို ဇန်နဝါရီ ၁၁ ရက်က စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၄၃)၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးသုံးစွဲမှု၊ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (၁၁၄)

စိတ္တရလေခါစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

စာရေးဆရာ ပါရဂူရေးသားသော စိတ္တရလေခါစာအုပ်ကို လမင်းစာပေ၊ ဒေါ်တိုးတိုးမာ တိုက် (၁၉) ပထမထပ်၊ ၅၂လမ်း ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၃၅၉၃၊ ၀၉-၈၀-၂၃၉၇၄က မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေသည်။

စိတ္တရလေခါသည် လွန်ခဲ့သည့် အနှစ် ၃၀ခန့်က ဘဂဝတီကျရန်ဗရဇာ အမည်ရှိ နာမည်ကျော် ဟိန္ဒီစာရေးဆရာ တစ်ဦးရေးသားသော ဟိန္ဒီဝတ္ထု ဖြစ်သည်။ လူ့ဘဝကို လေ့လာရာ၌ စူးရှနက်နဲသော အမြင်ဖြင့် ရေးသားထားသော ဝတ္ထုဖြစ်ပြီး ဟိန္ဒီ စာပေလောက၌ ခေတ်ပေါ်ဂန္ထဝင်မြောက် ဝတ္ထုအဖြစ်ထင်ပေါ်ကျော်ကြားခဲ့သည်။ **(အပေါ်ပုံ)**(က-ပ)

အိုလံပစ်ဂျာနယ် အမှတ်(၃၃၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော အိုလံပစ်ဂျာနယ် အမှတ်(၃၃၃)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယခုအပတ် အိုလံပစ်ဂျာနယ်တွင် မြန်မာ့အားကစားလောကမှ စိတ်ဝင်စားဖွယ် သတင်း ဆောင်းပါးများ၊ ဥရောပ ဘောလုံးပြိုင်ပွဲများ၊ ဘက်ခမ်း၊ ဩကတ်၊ သမိုင်းထဲက ဘောလုံးအခန်းဆက် ဆောင်းပါးများ ဖော်ပြထားသည်။ **(အပေါ်ပုံ)** (က-ပ)

စာရေးကိရိယာများ ဝယ်ယူနိုင်

ရန်ကုန် ဇန်နဝါရီ ၂၂

ဝင်းစာရေးကိရိယာလက်လီလက်ကားရောင်းဝယ်ရေးကရုံးသုံး၊ ကျောင်းသုံးစက္ကူ၊ စာအုပ်နှင့်စာရေးကိရိယာများကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့်ဝယ်ယူရရှိနိုင်သည်။ SA 7၊ SA 9 မြေညီထပ်ဝင်ပေါက် ၂၊ ယုဇနပလာဇာ ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ) ၁၁၃၆၊ ၁၉၅၅နှင့် တိုက်(၆)၊ အခန်း(၀၀၄)၊ မြေညီထပ်၊ စံပယ်လမ်း၊ ယဇနပလာဇာ အနောက်ဘက်၊ ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ)၇၁၅၅ တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

စိမ်းလဲ့ရွှေပြည် ကျေးလက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)** အဆိုပါဂျာနယ်တွင် အရှင်ပညာဇောတ၏ ကုသိုလ်၊ အကုသိုလ်နှင့် အကျိုးပေးကံ၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

၏ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲသို့ တစ်ခေါက်၊ သက်သက်သင်း (ပညာရေး)၏ စားသုံးဆီ ဖူလုံရေး သစ်ဆိမ့်ပင်ကို စိုက်ပျိုးပေး၊ ကြည်လင်း (ဆေး)၏ ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးဖွားမှု၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၏ သဘာဝရဲ့အလှ၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၏ တိရစ္ဆာန်ရောဂါကုပညာကဏ္ဍ၊ ထိုက်ဇော်အောင် (GTC ပြည်)၏ လယ်ယာမြေ ရွှေရောင်လွှမ်းစက်မှုအစွမ်း၊ ဇာတ်လမ်း လေလှိုင်းသရုပ်ဖော်၊ ကံကောင်း၏ သူ့မှတ်တမ်းရုပ်ပြ ဇာတ်လမ်း၊ သန်းထွန်း(စကု)၊ ဆရာဇေယျ၏ ကျေးလက်ဖွံ့ဖြိုးရေးအမြင်၊ ရာဇာ(ဘိုကလေး)၏ ဆီးကျောက်တည်တာ ကြောက်စရာ မလိုပါ၊ သာရဝေါ စိုးကြည်၏ မောင်းထောင်ကဗျာ ပျိုတို့ရွာ၊ နီငြိမ်း (အညာတက္ကသိုလ်)၏ မြန်မာ့ရိုးရာကောက်စိုက်တေးကဗျာ၊ အောင်လင်းနိုင်၏ မမေ့ရက်ကန်းစင် (ကဗျာ)၊ ဇာနည်၏ အလှစိမ်း(ကဗျာ)၊ ဆြာစန်း၏ တစ်လတွက်တာ သင့်ကံကြမ္မာ ဗေဒင်နှင့် ဖတ်စရာ မှတ်စရာ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

မင်္ဂလာဒုံကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ယခင်တပ်မတော်ကလေးများကျောင်း(၁၉၄၉ မှ ၁၉၆၉ အထိ) ယခု အထက(၁)နှင့် အထက(၅)မင်္ဂလာဒုံ(၁၉၆၉ မှ ၂၀၀၄ အထိ)ကျောင်းသား၊ကျောင်းသူဟောင်းများ၏ စုပေါင်းအာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အထက(၁)မင်္ဂလာဒုံက မြရောခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဦးခင်မောင်ရင် ၅၆၀၅၂၄၊ ဦးအံကူ ၆၄၂၀၂၉၊ ဦးခင်မောင်ဝင်း ၅၈၀၆၆၂၊ ဦးစိုးမြင့် ၆၃၅၈၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်းတရားတော်ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၂

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ဆရာတော်ကြီး၏တပည့် ရွှေရတုတိပိဋကဓရ၊တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရသည် ရွှေဘုန်းပွင့်ဆုတောင်းပြည့်ရွှေစေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် စတုတ္ထအကြိမ် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ အကြိုမင်္ဂလာအဖြစ် စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်ကံသစ်စံပြကျေးရွာသာသနာ့လင်္ကာရ အလယ်ကျောင်း၌ ဇန်နဝါရီ ၃၁ရက် ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်ဖြစ်သည်။ (က-ပ)

အင်တာဗျူးဂျာနယ် အမှတ်(၂၀၉)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

ပုံမှန်ဂျာနယ်ဆိုဒ်နှစ်ဆဖြင့် ထုတ်ဝေလျက်ရှိသော အင်တာဗျူးဂျာနယ် အမှတ်(၂၀၉)တွင် အသည်းတွင် အနာဖြစ်၍ ဗန်ကောက်သို့ ဆေးသွားကုသည့် ငါးထပ်ကွမ်းအကယ်ဒမီ ရန်အောင်၏ အခြေအနေ၊ တရုတ်-မြန်မာ-ယိုးဒယား သုံးနိုင်ငံ ဆက်သွယ်သည့် စိမ်းရောင်စို လမ်းမကြီး၏ ရာဇဝင်၊ ချောရတနာ အလိမ်ခံရသည့် အကြောင်း၊ ယောက်ျားများသည် မိန်းမများထက်ပိုတော်ကြပါသလား၊ ဂျာနယ်လစ်နှင့် ဂျာနယ်လစ်ဇင်အကြောင်း၊ တာရာမင်းဝေ၏ ဆောင်းရာသီဒဿန၊ စာရေးဆရာမပုညခင်၏ ကိုယ်တိုင်ကြုံခဲ့တဲ့ ကမောက်ကမများ၊ မီဒီယာဘီလူးကြီး ရှုပတ်မားဒေါ့နှင့် တွေ့ဆုံခြင်း၊ ဘာသာရပ်တစ်ခုတည်းကို ကျွမ်းကျင်အောင်လုပ်ခြင်းနှင့်အားလုံးကို သိအောင်လုပ်ခြင်း၏ ကွာခြားချက်၊ City Mart မှ တာဝန်ရှိသူနှင့်တွေ့ဆုံခြင်း၊ တိရစ္ဆာန်အစာစပ်ဆော့ဖ်ဝဲလ် ထုတ်လုပ်သူနှင့် အင်တာဗျူး၊အစားအစာထဲတွင်ပါသော အမျှင်(ဖိုင်ဘာ)၏ အာဟာရတန်ဖိုး၊ မိတ်ကပ်စိုးစိုးနှင့် တွေ့ဆုံခြင်း၊ ဗေဒင်ပညာရှင်ဆရာချမ်းမင်းနှင့်စကားစမြည်၊ မာရဂျေ၏ တရုတ်သွားမြို့လား(၄)အပါအဝင် ဒေါက်တာခင်မောင်ညို၊ ခင်မျိုးရီ(စိတ်ပညာ)၊ ခင်မောင်ညို (ဘောဂဗေဒ)၊ကိုကို(စက်မှုတက္ကသိုလ်)၊တင်နိုင်တိုး၊ ရဲကျော်မြင့်၊ ပီလှိုင်ဘွား၊ ဒေါက်တာသိန်းမြင့်တို့၏ လက်ရာများဖြင့် ဖတ်စရာ အစုံအလင် သုတရသ တစ်ပုံတစ်ပင် ပါဝင်သည်။ **(အပေါ်ပုံ)** (က-ပ)

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ								
စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဒေါ်မြမြ	၁၂/သကတ(နိုင်)၁၃၅၆၁၁	၁၁၈/၉၃လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်	ဒဂုံမြောက်	၄၇	၃၇၇	ဒေါ်မြင့်ကြည်	ဂရန်သစ်
၂။	ဦးသောင်းဆွေ+၁	၁၄/သမန(နိုင်)၁၀၇၁၄၀	(၄၀၆/ခ)၊ ခေင်ညိုလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၈	၄၀၆/ခ	ဦးဖေသန်း	ဂရန်သစ်
၃။	ဦးကျော်နီ	၁၂/ကမရ(နိုင်) ၀၁၀၀၄၃	၁၃၃၄၊ မင်္ဂလာသုခလမ်း၊ (၄၆)လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း	ဒဂုံမြောက်	၄၅	၄၈၇	ဒေါ်ခင်စီ	အမည်ပြောင်း
၄။	ဒေါ်သင်းကြူ(ခ)ဒေါ်သိန်းအေး	၁၂/ဥကတ(နိုင်)၁၃၅၇၇၉၀	၁၁၅၉၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၁	၁၁၅၉	ဦးတင်မောင်ဝင်း	ဂရန်သစ်
၅။	ဦးတင်ငြိ	၇/ဒဥန(နိုင်)၀၇၆၂၆၁	(၁၉)၊ အာဇာနည်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်း	ပုဇွန်တောင်	၁၀ကွေ့	v-၁၅	ကိုဘဖြူနှင့် မရှင်	ဂရန်မိတ္တူ
၆။	ဒေါ်သန်းသန်း+၁	၁၂/ကမတ(နိုင်)၀၀၇၆၆၆	(၂၉)၊ ပီတောက်ပင်လမ်း	ကြည့်မြင်တိုင်	၂၆စီ	၈၇	ဦးကံ	မြေပုံကူး
၇။	ဒေါ်ကြည်ကြည်ခင်	ISN-၀၇၆၀၁၁	၆၇-ကြည်စမ်းကျေးရွာ၊ ဝါးနက်ချောင်း၊ မှော်ဘီ	အင်းစိန်	၄၀၀/B	၆၄/ယ	ဒေါ်သာဆက် + ၁	မြေပုံကူး
၈။	ဦးဟန်ညွန့်+၂	၁၂/မဂတ(နိုင်)၀၈၀၄၆၅	၈၊၃၃/က ရပ်ကွက် သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၃/က	၈/ဈ	ဦးမောင်မောင်ခင် +၂	မြေပုံကူး
၉။	ဦးဟန်ညွန့်+၂	၁၂/မဂတ(နိုင်) ၀၈၀၄၆၅	၈ ဌ, ၃၃/က ရပ်ကွက် သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၃/က	၈/ဌ	ဦးမောင်မောင်ခင် +၂	မြေပုံကူး
၁၀။	ဦးခင်မောင်မြင့်	၇/ဝမန(နိုင်) ၀၃၉၇၆၀	၄၉၃၊ နိကျောလေလမ်း၊ (၈)ရပ်ကွက်၊ သာကေတ	ဒဂုံတောင်	၂၁	၂၆၀	ဒေါ်လှကြိုင်	ဂရန်သစ်
၁၁။	ဒေါ်ခင်သန်းဝင်း	၁၀/မသမ(နိုင်)၀၂၂၆၉၁	(၅၁၈)၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၄/၁	၁၅၉/၂	ဒေါ်တင်သန်း	အမည်ပြောင်း
၁၂။	ဦးကျော်ကျော်ဆင့် (G.P)	၁၃/နခန(နိုင်)၀၄၄၆၂၇	၁၂၁၊ ၅၈ လမ်း၊ လှိုင်	လှိုင်	၁၅/ယွန်ပြီးပိုင်	၁၇/က	မနှင်းယဉ် + ၄	မြေပုံကူး
၁၃။	ဦးဟန်ညွန့် + ၂	၁၂/မဂတ(နိုင်)၀၈၀၄၆၅	အမှတ် ၈/ဍ၊ ၃၃/က ၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၃/က	၈/ဍ	ဦးမောင်မောင်ခင် + ၂	မြေပုံကူး
၁၄။	ဦးစိုးဝင်း	N/ OKA -၀၃၆၈၉၃	၇၁၂/က၊ ၇ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၇	၇၁၂/က	ဒေါ်အေးအေးမော်	ဂရန်သစ်
၁၅။	ဒေါ်စောကြည် + ၂	၁၂/ရကန(နိုင်)၀၄၁၀၄၆	၁၇၆၊ သစ္စာလမ်း	ရန်ကင်း	၃၆ကံဘဲ့	၂၅/ဈ	ဒေါ်စန်းကြည် + ၃	အမည်ပြောင်း
၁၆။	ဦးကြည်စွမ်း + ဒေါ်စန်း	၁၂/ရကန(နိုင်)၀၅၇၇၃၀	(၂၉၈)၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၁	၂၉၈	ဦးအောင်တင်	အမည်ပြောင်း
၁၇။	ဒေါ်စန်းကြည်	၁၂/ရကန(နိုင်)၀၄၂၃၉၅	အမှတ် (၁၇၅)၊ သစ္စာလမ်း၊ (၁၂) ရပ်ကွက်	ရန်ကင်း	၃၆ ကံဘဲ့	၂၅ /ဈ - ၁	ဒေါ်စောကြည် + ၃	အမည်ပြောင်း
၁၈။	ဒေါ်ကြည်ကြည်ထွေး	၁၂/ဗဟန(နိုင်)၀၇၄၂၄၈	အမှတ် (၄၃၇)၊ ၉ ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၉	၄၃၇	ဒေါ်ထွေးနုကျော်	ဂရန်သစ်
၁၉။	ဒေါ်မွေသိန်း	၁၂/စခန(နိုင်)၀၄၈၃၇၉	၁၄၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်	သင်္ဃန်းကျွန်း	၂၀	၅၃/အေ၅၃ဘီ-၅၃စီ	ဒေါ်ကြင်	မြေပုံကူး
၂၀။	မရင်ရင်အောင် + ၁ အုပ်ထိန်းသူ ဦးအောင်သက်ရှည်ဒေါ်မွှေခင်	၁၂/ဒဂမ(နိုင်)၀၁၅၆၃၆	၂၄၊ သရဖီလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း	ဒဂုံမြောက်	၄၄	၁၀၇၄	ဦးမောင်စိုး	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ								
စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည်

1.5 GL Saloon, Toyota Corolla 86 Model-ပျားအုံရှိ ၂/က---။

ဖုန်း-၂၈၆၄၁၀။

လုံးချင်းအိမ်ရောင်းရန်

ယုဇနဥယျာဉ်မြို့တော်ချင်းတွင်း ရိပ်မွန်ရှိ ပေ ၉၀' X ၇၀' ပေါ်ရှိ RC ၂ထပ်တိုက် အဆင့်မြင့် ပြင်ဆင်ပြီး။ **ဖုန်း-၅၉၃၂၁၃။**



ရောင်းမည်

အမှတ်-၃၊ အဝေးပြေးလမ်းမဘေး၊ (40'X60') နှစ်ထပ်တိုက် R.C၊ ရေ၊ မီး၊ ဖုန်း၊ ကားဂိုဒေါင်ပါသည်။ (ဂရန်အမည်ပေါက် ကိုယ်တိုင်)

အမှတ်-၉၊သုဓမ္မာလမ်းမ၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပ။

ချစ်သမီးလေးအတွက် (၁) နှစ်ပြည့် မွေးနေ့ရောမှန်

နှင်းဆီ ခိုင်ဝါ ...

သိမ်နှင့်သိမ်ကျောင်းနှိုးဆော်စာ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက် (မေခအိမ်ရာ၊ ကုလားစုမှတ်တိုင်) လေးထောင့်ကန်လမ်းမကြီး၊ အောင်ရာမြေပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက(အမ်း-ချင်း သာသနာပြုဆရာတော်ကြီး) ဘဒ္ဒန္တ ဝရာလင်္ကာရနှင့် စာချ၊ စာသင် ရဟန်း၊ သာမဏေ(၉၈)ပါး သီတင်းသုံးလျက်ရှိပါသည်။ သိမ်နှင့်သုံးထပ်သိမ်ကျောင်းဆောက်လုပ်ရန် လိုအပ်လာပါသဖြင့် ၁၀-၁၀-၂၀၀၃ရက်နေ့မှစတင် တည်ဆောက်နေပြီး ယခုအခါ (၆၅)ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိရာ ပဌာန်းဆက်ပါသူများ၊ ဒါနပါရမီဖြည့်လိုသူများ ကျောင်းတိုက်ဖုန်း ၀၁-၅၇၃၃၄၇သို့ ဆက်သွယ်လာရောက်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

သိမ်နှင့်သိမ်ကျောင်းဖြစ်မြောက်ရေး ကျောင်းဒကာများအဖွဲ့။

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး နယုန်ပွဲတော်နှင့် ရုံမြေနေရာလေလံပွဲ

ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ဗုဒ္ဓပူဇနိယ နယုန်လပွဲတော်ကြီးကို ၁၃၆၆ခုနှစ် နယုန်လဆန်း (၈)ရက်နေ့မှ နယုန်လပြည့်ကျော် (၁၀)ရက်နေ့အထိ (၂၆-၅-၂၀၀၄) မှ (၁၂-၆-၂၀၀၄) နေ့အထိ (၁၈)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆိုင်ခန်းရရှိရေးအတွက် ကဆုန်လဆန်း(၁)ရက်နေ့မှ လကုန်အထိ ဂေါပကအဖွဲ့နှင့်ဆက်သွယ်ပြီး ဆိုင်ခန်းနှင့် လျှပ်စစ်မီးကြေးပါ ငွေကျေပေးသွင်းလျက် ကြိုတင်ဖြတ်ယူထားကြပါရန် နှိုးဆော်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက ဆိုင်ခန်းရရှိရေး တာဝန်မယူပါ။

ဇာတ်ရုံနှင့် ဘားဆပ်ကပ်ရုံ မြေနေရာလေလံပွဲကို ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် (၁)ရက် ၆-၂-၂၀၀၄ရက်(သောကြာနေ့) နံနက် (၉)နာရီအချိန် ဘုရားကြီးတန်ဆောင်းအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဆွဲဝယ်နိုင်ကြပါကြောင်း။

မှတ်ချက်။ ။(၁) သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒ မိန့်ကြားချက်နှင့် ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပခုက္ကူမြို့တို့၏ ညွှန်ကြားချက်အရ လောင်းကစားဝိုင်းများနှင့် ကံစမ်းမဲဆိုင်များ လုံးဝခွင့်မပြုပါ။

(၂) ဘုရားကြီး ပရိဝုဏ်အတွင်း ဈေးဆိုင်များ ခင်းကျင်းခွင့်ပြုမည်မဟုတ်ပါ။ ဂေါပကအဖွဲ့က သင့်လျော်သော နေရာတွင် ဈေးဆိုင်ခန်းများနှင့် ဇေဒင်ခန်းများ ချထားပေးမည်ဖြစ်ပါသည်။

(၃) ကြေးနန်း၊ တယ်လီဖုန်းဖြင့် အကြောင်းကြားပြီး အချိန်မီမလာရောက်က ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ လေလံစည်းကမ်းချက် ဝယ်ယူသူများသာ လေလံဆွဲဝယ်ယူခွင့်ပြုမည်။

ဂေါပကအဖွဲ့
ပခုက္ကူမြို့။
ဖုန်း-၀၆၂-၂၁၀၆၄။

"ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ဦးကျော်ဝင်း (ဒု-ဥက္ကဋ္ဌ ချမ်းမြေ့ငွေစုငွေချေးသမဝါယမအသင်း)၏ ချစ်ဇနီး **ဒေါ်သွင်သွင်** (သစ္စာစေတနာရိပ်မွန်)သည် (၄-၁-၂၀၀၄)နေ့တွင် နိုင်ငံတော်မှ ချီးမြှင့်အပ်သော **သီဟသုဓမ္မသီင်္ဂ** ဘွဲ့ကို ရရှိခြင်းအတွက် သစ္စာ စေတနာမိသားစုနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဆက်လက်ပြီး နိုင်ငံအတွက် အသက်ရှည် ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ချမ်းမြေ့ငွေစုငွေချေးသမဝါယမအသင်း။

မွေးနေ့ဆုမွန်လွှာ

၂၃-၁-၂၀၀၄နေ့တွင် ကျရောက်သော အနန္တကျေးဇူးရှင် ခင်ပွန်း၊ ချစ်ဖေဖေ **ကိုကျော်ထွန်းဦး**၏ (၃၇)နှစ်မြောက် မင်္ဂလာမွေးနေ့မှသည် နောင်နှစ်ပေါင်းရာတိုင် ဘဝလမ်းခရီးကို ဇနီး၊ ချစ်သမီးနှင့်အတူ ထာဝရလက်တွဲလျက် အောင်မြင်မှုများစွာဖြင့် ကျန်းမာပျော်ရွှင်ချမ်းမြေ့မှုအပေါင်းကို ပိုင်ဆိုင်နိုင်ပါစေ။

ဇနီး - ဝါဝါ
ချစ်သမီးလေး - ယု (ယုနန္ဒကျော်)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၂/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်လူ တွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူး လျှောက်ထားသူများအနက် ပဏာမလူတွေ့စစ်ဆေးမှု အောင်မြင်သူများ၏ အမည်စာရင်းနှင့်အပြီးသတ်စစ်ဆေးမှု ဖြေဆိုကြရမည့်နေ့ရက်၊ အချိန်၊ နေရာ၊ အစီအစဉ်များအား ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့ (၁၀း၀၀)နာရီတွင် မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ်(၁၀၄)ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

အပြီးသတ် စစ်ဆေးမှုဖြေဆိုကြမည့်သူများသည် မိမိတို့ဖြေဆိုရမည့်နေ့ရက်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ်(၁၀၄)ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ နံနက်(၀၈း၀၀)နာရီအရောက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ မပျက်မကွက်(မပျက်မကွက်)ယူဆောင်လာ၍ သတင်းပို့ရပါမည်။

(က)မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်မူရင်း
(ခ)အခြေခံပညာအထက်တန်းစာမေးပွဲ(က)အဆင့်ဖြင့်အောင်လက်မှတ်မူရင်း
(ဂ)အိမ်ထောင်စုစာရင်းမိတ္တူ
(ဃ)အလုပ်သမားမှတ်ပုံတင်ကတ်မူရင်း
(င)အိမ်ထောင်မရှိ(လူပျို/အပျိုဖြစ်ကြောင်း) သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်မူရင်း

မြန်မာ့လေကြောင်း။



Ph: 09-99-26131, 249118
C-Link / KMS
No. (277), Bogyoke Street, # 07-23 Asia Plaza, KTD T/S

(GIDA) သံရည်ကျိုစက်ရုံ

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းနှင့် အညီ စက်ကိရိယာနည်းပညာဖြင့် စက်မှုလုပ်ငန်းသုံး သံကြွပ်ပစ္စည်းအမျိုးမျိုးကို စိတ်တိုင်းကျ တိကျစွာဖြင့် သွန်းလောင်းပေးနိုင်ပါသည်။

အမှတ်(၁၀၂)၊ ဘောဂဗလလမ်း၊ အဝိုင်းမှတ်တိုင်၊
မြောက်ဥက္ကလာပစက်မှုဇုန်၊ ဖုန်း-၆၆၃၆၄၄။

အမည်ပြောင်းခြင်း

ဦးဝင်းမြင့်၏သမီး အထက(၂)၊ ကမာရွတ်၊ သူငယ်တန်း(ခ)မှ မဝင်းသီရိနှင်းအား ယနေ့မှစ၍ မဆုမြတ်မြတ်ဖြူဟုအမည်ပြောင်းလဲခေါ်ပါရန်။

မဆုမြတ်မြတ်ဖြူ။

01-375822

Yan Aung



သင့်မောပန်းနွမ်းနယ်မှုမှန်သမျှပြေပျောက်စေမည့်
The Palm Beach Resort
Ngwe Saung (Silver Beach)
Pathein, Myanmar

မြန်မာနိုင်ငံသားများအတွက် အထူးဈေးနှုန်းဖြင့်စီစဉ်ထားပါသည်။
ယနေ့မှစ၍ကြိုတင်စာရင်းပေးနိုင်ပါပြီ။

(၂)ညအိပ်(၃)ရက်ခရီး (၁)ဦးအတွက် ကားခအပါအဝင်	Sea-View (Adults)	Garden-View (Adults)	Children (Under 12)
နံနက်စာအပါအဝင်	Ks - 91,000	Ks - 71,000	Ks -51,000
နံနက်စာ+နေ့လည်စာအပါအဝင်	Ks -115,000	Ks - 95,000	Ks -63,000
နံနက်စာ+နေ့လည်စာ+ညစာအပါအဝင်	Ks -145,000	Ks -125,000	Ks -75,000

(၃)ညအိပ်(၄)ရက်ခရီး (၁)ဦးအတွက် ကားခအပါအဝင်	Sea-View (Adults)	Garden-View (Adults)	Children (Under 12)
နံနက်စာအပါအဝင်	Ks -131,000	Ks -101,000	Ks - 71,000
နံနက်စာ+နေ့လည်စာအပါအဝင်	Ks -167,000	Ks -137,000	Ks - 89,000
နံနက်စာ+နေ့လည်စာ+ညစာအပါအဝင်	Ks -215,000	Ks -185,000	Ks -105,000

ဆက်သွယ်ရန်လိပ်စာ

၂၆၂-၂၆၄ ၊ပြည်လမ်း၊ဒဂုန်စင်တာ၊(၃)ထပ်၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၅၀၁၉၃၇၊၅၃၆၂၅၅၊၅၀၃၅၁၆-၉ ဖက်(စ်) - ၅၀၄၅၂၈၊ E-mail: DAGON@mptmail.net.mm

DAGON MYANMAR

Aircon Express, Hotel, Restaurant

Ph: 01-558011, 558980

တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၂၈)အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်းသို့ တက်ရောက်လိုသူများသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံပါက လျှောက်ထားနိုင်သည်။

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်းသိပ္ပံဇီဝတွဲဖြင့်အောင်မြင်ပြီး ၁၅–၃–၂၀၀၄ နေ့တွင် အသက်(၂၀)နှစ်ထက်မကျော်လွန်သူ၊ သိပ္ပံတွဲဖြင့် ဘွဲ့ရပြီးသူဖြစ်ပါက ၁၅–၃–၂၀၀၄နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်းလက်မှတ်ပူးတွဲတင်ပြရမည်။

၂။ လျှောက်လွှာကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ အမှတ်(၅၆)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နှင့် တိုင်းရင်းဆေးသိပ္ပံ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တို့တွင်ရနိုင်ပြီး မိမိဖြေဆိုလိုသည့် စာစစ်ဌာန (ရန်ကုန်/မန္တလေး)သို့ ၁၅–၃–၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်။ ဖြေဆိုခွင့်ရသူများစာရင်းကို ၂၂–၃–၂၀၀၄နေ့တွင် သက်ဆိုင်ရာ စာဖြေဌာနများ၌ ကြေညာမည်ဖြစ်ပြီး ၃၀–၃–၂၀၀၄တွင် သက်ဆိုင်ရာ (ရန်ကုန်/မန္တလေး) စာဖြေဌာနတွင် ဝင်ခွင့်ရေးဖြေစာမေးပွဲကို တစ်ပြိုင်တည်းကျင်းပမည်။

၃။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်။

၄။ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းမပြည့်မီသော လျှောက်လွှာများ၊ သတ်မှတ်ချက်နှင့်မပြည့်စုံသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လျှောက်လွှာဝယ်ယူမည့်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန
၅၆၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ
ပီဗွီစီပိုက်နှင့်ပိုက်ဆက်ပစ္စည်းများဝယ်ယူလိုခြင်း

ဤစက်ရုံတွင် အသုံးပြုရန်အတွက် အချင်း(၆)လက်မမှ (၁၂)လက်မရှိ ပီဗွီစီပိုက်အထူနှင့် ပိုက်ဆက်ပစ္စည်းများ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်း အဆိုပြုလွှာများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပေးသွင်းရမည့်နေရာ– ဤစက်ရုံစီမံရေးဌာန
တင်ဒါပိတ်မည့်ရက်နှင့်အချိန်–၃၀–၁–၂၀၀၄နေ့ (၁၃:၀၀)နာရီ
ဖုန်းအမှတ်–၀၅၃–၂၄၇၀၀၊ ၂၄၀၄၈။ **စက်ရုံမှူး။**

ကိုယ်တိုင်ငှားမည်
ဖုန်း –၆၈၁၉၅၈

၁။ငွေကြာယံလုံးချင်း၊ ဖုန်းပါ
၂။ရွှေပေါက်ကံစက်မှုဇုန်
၃။လှိုင်ကြည့်မြင်တိုင်တိုက်ခန်းများ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မငွေငွေဝင်း၏ Passport No-449020စာအုပ် ကျပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မငွေငွေဝင်း ၃၂၊ (ပ)ထပ်၊ ၀ဲ၊ နွယ်နီလမ်း၊ အလုံ။**

ဝမ်းနည်းကြေကွဲခြင်း

အရေပြားအထူးကုရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာချားလ်(စ်)ပန်းဂီး ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းပါကြောင်း။

ရောဂါဗေဒအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရန်ကုန်။

နိုင်ငံတကာအဆင့်မီ M.G.M ဟိုတယ်ကြီးက မိတ်ဆွေများကို ဖိတ်ခေါ်ပါတယ်။

Long Stay

M.G.M

	Single	Double
Foreigner	10$	15$
Local	5000 (Ks)	7000 (Ks)

- 6 LINE

ရုံးခန်းသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

MYANMAR WATER ENGINEERING & PRODUCTS CO.,LTD.
ကို အောက်ဖော်ပြပါလိပ်စာသို့ ဇန်နဝါရီလ(၁)ရက် ၂၀၀၄နှစ်သစ်မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

MYANMAR WATER ENGINEERING
AND PRODUCTS CO., LTD.

Address: No(15)Thumingalar Lane (1) , Thumingalar Housing Estate.
Thingangyun Township. Yangon, Myanmar.
Tel : 571694, 565146, 701698, Fax: 571694
E-mail : mwep @ mptmail. net.mm

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းခြိုးသာခန့်ထားရန်)

၁။ Telephone Operator **မ (၂) ဦး**
ရုပ်ရည်သန့်ပြန့်ရမည်။ အသက်(၂၅)နှစ်အောက်၊ ဘွဲ့တစ်ခုခုရရှိပြီး အင်္ဂလိပ်စကားနှင့်တရုတ်စကား အသင့်အတင့် ပြောဆိုနိုင်သူကို ဦးစားပေးမည်။

၂။ Office Staff **မ (၄) ဦး**
အသက်(၃၅)နှစ်အောက်၊ ဘွဲ့ရပြီး ရုံးလုပ်ငန်းကျွမ်းကျင်၍ ပြင်ပဌာနများနှင့် ပြေပြစ်စွာ သွားလာဆက်ဆံနိုင်သူဖြစ်ရမည်။

၃။ Marketing Manager **ကျား၊ မ (၄) ဦး**
အသက်(၄၀)အောက်၊ ဘွဲ့တစ်ခုခုနှင့် Marketing ဆိုင်ရာဒီပလိုမာရရှိပြီး အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

၄။ Driver **ကျား (၂) ဦး**
အသက်(၄၅)နှစ်အောက်၊ ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။

၅။ Security **ကျား (၅) ဦး**
အသက်(၅၀)အောက်၊ ကျန်းမာသန်စွမ်းပြီး နေ့/ည အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားသူသည် ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ (၃)လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ မျှော်မှန်းလစာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံဖော်ပြပြီး စာတိုက်သေတ္တာအမှတ်(၂၄၅)၊ ရန်ကုန်စာတိုက်ကြီးသို့ ပေးပို့လျှောက်ထားနိုင်သည်။

MT&K Tourism Co.,Ltd

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းခြိုးခန့်ထားရန်)

SUKI°-°HOT POT ကျွမ်းကျင်သူ တစ်ဦး
SUKI°-°HOT POT အကြိုပေး ဆရာ(အချိန်ပိုင်း) တစ်ဦး
အကြော်ဆရာ တစ်ဦး
HEAD WAITER တစ်ဦး
Trading အတွေ့အကြုံရှိသူ တစ်ဦး

အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

(ဖုန်း–၂၉၇၇၂၈)

ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ...

09-5003646,

©: 382323, 382337, 251230, 681310, 728282, 660283, 02 - 80227

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ကျောင်း ရဟန်းဒါယကာကြီး
ဆံတော်ရှင်ဇိနမာန်အောင်စေတီတော်ဥက္ကဋ္ဌ
ဦးစံသွင် (မင်းသံလွင်–စတိုး)

အနန္တကျေးဇူးရှင် ဖေဖေကွန်လွန်ခဲ့တာ ၂၃–၁–၂၀၀၄နေ့မှာ တစ်လတိတိပြည့်ခဲ့ပါပြီ။ ကြီးမားလှတဲ့ ဖေဖေရဲ့ကျေးဇူးတရားများကို ယနေ့တိုင် တစ်နေ့မှ မေ့မရပါ။ ပေးဆပ်၍မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှတဲ့ မေတ္တာတရား၊ ကျေးဇူးများကိုရည်စူးပြီး နေ့စဉ်နှင့် တစ်လပြည့်ပြုလုပ်သည့် အလှူဒါန ကုသိုလ် အစုစုတို့ကို ဖေဖေအား အမျှ အမျှ အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ ဖေဖေ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး– **ဒေါ်သန်းမြင့် (မင်းသံလွင်–စတိုး)**
ချစ်သားသမီးများ–မသီတာစိုး–ကိုဝင်းနိုင်၊ မဥမ္မာစိုး–ကိုမြတ်ထွန်းအောင်၊
မခင်နန်းစိုး–ဗိုလ်ကြီးထွန်းထွန်းဝင်း၊မသီဂီစိုး Eco၊မမေသန့်ဇင် Seco Japan
ချစ်မြေးများ–မောင်းစိုးထက်အောင်၊ မသဇင်ထက်၊ မောင်ထက်ဝေအောင်၊
မောင်အေးကိုသက်။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၈၈–၃) ဦးပိုင်အမှတ်(၈)ဂရန်မြေကွက်အား ဦးမင်းထွန်း မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၁၁၅၄၅]မှ အမှုတွဲအမှတ် (၁၉၆၆/၂၀၀၃–၂၀၀၄)ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ကန့်ကွက်လိုသူရှိပါကအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

“မားစ်နှင့်မားစ်ပါဝါ”ငွေသားကံစမ်းမဲအစီအစဉ်များ!
ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများတွင် ဆက်လက်ကံစမ်းနိုင်ပါသည်။

RGD
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0503 YR 394
ဆေးကကောင်း

ဒေါ်ခင်ပု (၈၄)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်
မြို့မကျောင်း၊ရန်ကုန်ဟိုက်စကူးကျောင်း၊
အထက-၁၊ပုဇွန်တောင်ဆရာမဟောင်း
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အထက(၁၀) တာမွေ
(အိုင်သပြု-ဟသ်ာတ)

ရန်ကုန်မြို့၊လမ်းသစ်ရိပ်သာ၊တိုက်အမှတ်(၇)၊အခန်းအမှတ်(၈)နေ (ဦးမြဒင်-ဒေါ်ကျော့ခင်)တို့၏သမီး၊ (ဦးဘိုးဒွေး-ဒေါ်ဝါနု)တို့၏ သမီးချွေးမ၊ ဦးစော(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စာပေဗိမာန်)၏ ချစ်လှစွာသော ဇနီး၊ ဦးသီဟစော(အယ်ဒီတာချုပ်၊ မြန်မာ့ဓနမဂ္ဂဇင်း)၊ ဒေါ်စန်းစန်းအေး၊ ဦးမြင့်ဦး(ရူပဗေဒ)-ဒေါ်သီဂီစော(မြို့နယ်စာရင်းစစ်အရာရှိ၊ ဒဂုံမြို့နယ်စာရင်းရုံး)၊ ဒေါ်ဥမ္မာစော(လုပ်ငန်းအုပ်၊ တိုင်းတာရေးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးသန့်စင်(Mariner)-ဒေါ်ခင်ဥမ္မာရှိန်၊ ဦးမောင်မောင်စော(တရားရုံးချုပ်ရှေ့နေ)၊ ဦးညိုထွေး(Computer Teacher)၊ ဒုတိယဗိုလ်မှူးကြီးသိန်းတန်(ပျဉ်းမနား)-ဒေါ်မိုးမိုးနိုင်၊ ဒေါ်စန္ဒာစော(အလက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၂၀-၁-၂၀၀၄ (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၂၊ တပ်မတော်ဆေးရုံမှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးနိုင်အောင်လင်း(ခ)ဦးဘိုးဇီဝ နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့ကြသော ဗဟိုရ်စည်ဆေးရုံမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လှည်းတန်းလမ်းမိသားစုနှင့် ဆွမ်းလောင်းအသင်း၊ ဒဂုံတက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခကြီးများ၊ ဆရာ၊ ဆရာမများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအေးကြည်(ခ)ဦးကြည်လွင်

အသက်(၈၄)နှစ်

(ကျိုက်ထို)

(ဦးစိန်အုပ်-ဒေါ်လှဝင်း)တို့၏ သားကြီး၊ (ဒေါ်သန်းရင်၊ အမကကျောင်းအုပ်၊ ကျိုက်ထိုမြို့)၏ ခင်ပွန်း၊ ဒေါ်ခင်ကြည်(ဒဂုံမြောက်)၊ အင်းစိန်မြို့နေ (ဦးမောင်ကြီး)-ဒေါ်ကြွေတို့၏ အစ်ကိုကြီး၊ ဦးကြည်မြင့်(ဌာနစုမှူး၊ ဟိန္ဒာသတ္တုတွင်း)-ဒေါ်ခင်စန်းဦး၊ ဦးမင်းခန့်(အင်/ယာမှူး၊ ဆလက)-ဒေါ်တင်တင်အေး၊ ဦးကိုကိုရှိန် - ဒေါ်ဝေဝေမာ(လ/ထ အင်/ယာ၊ ဆ/ဦးအဖွဲ့-၂၊ ဆလက)၊ ဦးအောင်ထူး(ရိုးမဘဏ်၊ မြောင်းမြ)-(ဒေါ်ဝေဝေတာ)၊ ဒေါ်မာလာ(ဌာနခွဲမှူး၊ လမ်းတံတား၊ မြို့တော်စည်ပင်)၊ ဦးဖုန်းဝေ(မြေစမ်း၊ သုဝဏ္ဏ၊ ဆလက)၊ ဦးဖုန်းကြွေ(စာရင်းကိုင်-၃၊ဆလက၊အင်းစိန်)-ဒေါ်တင်မြစန်း၊ ဦးသန့်ဇင်၊ ဒေါ်ဝေဝေလွင်၊ ဦးနိုင်နိုင်ဝင်း-ဒေါ်နှင်းရည်ဝင်း၊ ဒေါ်ဥမ္မာထွေးတို့၏ ဘကြီး၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၈း၄၅နာရီတွင် အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၀၄(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အမှတ်(၉၈၀-ဂ)၊ အောင်မင်္ဂလာလမ်း၊ ရွာမအရှေ့၊ အင်းစိန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယကာ

ဦးစောစိန်ကက်(ခ)ဦးမျိုးမြင့်

အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁၁၃)၊ အနော်ရထာလမ်း၊ (၃၇)လမ်း ထိပ်၊ သုံးထပ်ဝဲခန်းနေ (ဦးဘန်သိန်း)၏သား၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ မင်္ဂလာဈေးဒုတိယထပ်၊ စန်းစန်းစတိုး၊ လှစတိုး (သားရေအိတ်ဆိုင်) စောမီလျှံ၊ စောမိကြူး၊ စောဘီးတူ၊ စောဘီးယုံ၊ စောပိုးကြူးတို့၏ မွေးသဖခင်သည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည် (၇၇)နှစ်

(နေဖြူ/ရေလဲ)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၂)လမ်း၊ အမှတ်(၉၅/ခ)နေ (ဦးဘချစ်-ဒေါ်ဖွားစံ)တို့၏ သမီးကြီး၊ (ဦးတင်ရှိန်)-ဒေါ်သိန်းနု၊ ဦးညွှန့်ရှိန်-(ဒေါ်တင်တင်ရီ)၊ ဒေါ်တင်တင်ထွေး၊ ဦးအောင်ကြည်-ဒေါ်သန်းဟန်၊ ဦးတင်ဝ-ဒေါ်တင်တင်ဝင်းတို့၏အစ်မကြီးသည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာမဒေါ်တင်ကြည်

အသက်(၇၅)နှစ်

(မိုးညို)

ပဲခူးတိုင်း၊ မိုးညိုမြို့နေ (ဦးပေါ-ဒေါ်ပန်းတင်)တို့၏ သမီး၊ တောင်ဥက္ကလာပနေ (ဦးထွန်းကြည်)-ဒေါ်သန်းသန်းရီ၊ သုံးဆယ်မြို့နေ ဦးလွင်ညွှန့်-ဒေါ်မြလွင်၊ ထောက်ကြန့်မြို့နေ ဦးသန်းအောင်-ဒေါ်ဒေစီတို့၏ အစ်မ၊ မြောက်ဥက္ကလာပမြို့၊ (ည)ရပ်ကွက်၊ဘုမ္မာ(၁၁)လမ်း၊ အမှတ်(၃၅၉)နေ (ဦးအေးကြည်)၏ဇနီး၊ ကိုသောင်းကြွယ်-မခိုင်ခိုင်ကြည်၊ ကိုအောင်ဌေး-မခိုင်စမ်းစမ်း(အမက-၁၇၊မ/ဥက္ကလာ)၊ ကိုစိုးခိုင်(ည/ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး) - မလဲ့လဲ့ဝင်း(စိတ်ကျန်းမာရေးဆေးရုံ)တို့၏ မိခင်သည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့)တွင် ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄ (စနေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းမောင် (၇၁)နှစ်

ငါးထပ်ကြီးအနောက်ရပ်ကွက်
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး
ကောင်စီ အဖွဲ့ဝင်(၁)
(သုံးခွ)

ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၂၆)နေ ဒေါ်သောင်းရင်၏ ခင်ပွန်း၊ ဦးကျော်ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်နီနီဝင်း(ရွှေတိဂုံဘုရား၊ဂေါပက ရုံး)-ဦးလှဌေး (မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)၊ ဒေါ်မြင့်မြင့်မော်၊ ဦးတင်အောင်မိုး(မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)-ဒေါ်မြမြဝင်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးဝင်းမောင်သည်၂၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍၂၃-၁-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်မြတ်ကိုကိုထက်

အသက်(၂၇)နှစ်

(Geology, Final Year)

ဒဂုံမြို့သစ်မြောက်ပိုင်း၊(၃၅)ရပ်ကွက်နေ ဦးဘိုညွှန့်(ကြေးမုံ)-ဒေါ်နှင်းတို့၏ မြေး၊သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အောင်သုတလမ်း၊ အမှတ်(၂)နေ (ဦးစိန်ထွန်း)-ဒေါ်အုန်းမြင့်တို့၏ မြေး၊ ပုသိမ်မြို့နေ အရာခံဗိုလ်ဌွေဦး - ဒေါ်လှဝင်းတို့၏ ချစ်လှစွာသောသား၊ ဒေါ်သီတာဦး(သရုပ်ပြ၊ ဘူမိဗေဒဌာန၊ EYU)၏ မောင်၊ ဒုတပ်ကြပ်ဇာမီနောင်-မတင်ဇာဦး(စီမံရေးရာဌာန၊ YU)၏ အစ်ကို၊ မခင်ဖုန်းနောင်၏ ဘကြီး၊ မချောစုဝင်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဝဏ္ဏကျော်ထင် ဒေါက်တာဦးဘခက်

အသက်(၉၆)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)

ရန်ကုန်မြို့နေ (ဒေါက်တာဦးခန်း-ဒေါ်ဘီဘီ)တို့၏ သားဦး၊ မန္တလေးမြို့နေ (ဒေါက်တာဦးစိန်-ဒေါ်အမာ)တို့၏ သားသမက်၊ (ဆရာမကြီး ဒေါ်မေယု-စိန့်မေရီဒိုင်အိုကျောင်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်မောင်အေး(အားကစားအရာရှိ၊ငြိမ်း၊ မကွေးတက္ကသိုလ်)-ဒေါ်ကြည်ကြည်ဝင်း၊ ဟာဂျီမဒေါ်တင်တင်စန်း-ဟာဂျီSalmalရာရှစ်)၊ ဒေါ်ခင်မြင့်မြင့်-မစ္စတာSteve၊ ဒေါက်တာဦးစန်းမြင့်(ကင်ဆာအထူးကုဆရာဝန်ကြီး Liverpool U.K)-ဒေါ်စီစီလျာအန်၊ ဟာဂျီ ဦးအေးလွင် (Diplomatic School Yangon)-ဒေါ်စန်းစန်းတင့် (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ ဒေါက်တာဝင်းသီရိနွယ်-မစ္စတာDavid၊ ကိုဝေဖြိုးအေး B.Sc (Phy:)၊ ကိုငြိမ်းချမ်းအေး(B.C Tech UCSM)၊ ကိုနေလင်းအောင်(3rd M.B ၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ကိုသူရိန်၊ မလွင်လွင်ခိုင်(ဒသမတန်း-က၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုး ဝဏ္ဏကျော်ထင်ဒေါက်တာဦးဘခက်သည် ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ ခြံအမှတ်(၁၉)၊ အိမ်အမှတ်(၂၇)နေအိမ်တွင် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) ည ၇း၀၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ယောမင်းကြီးလမ်းနေအိမ်မှကားများ ထွက်ခွာ၍ ရေဝေးမွတ်စလင်ဥယျာဉ်တော်၌ ဂျနာဇဟ်နမာဇ်ဖတ်ပြီး ဒါဖနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယိကာမကြီး

ဒေါ်အုန်းကြည်

အသက်(၈၀)

တရော်ညောင်ဝိုင်းကြီးကျေးရွာ

တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၈၁၁)နေ ဦးအောင်ဖြိုး၏ဇနီး၊ (ဒေါ်သိန်းကြည်)၊ ဦးတင်လှ-(ဒေါ်ခင်နု)၊ ဦးအောင်ကြည်-ဒေါ်လှမြင့်တို့၏အစ်မ၊ကိုအောင်လှသိန်း-မရင်ဌေး၊ မနွယ်နွယ်နီ(တပ်မတော်အထည်ချုပ်)၊ ကိုမြတ်ကျော်-မမြင့်မြင့်စိန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝင်းမင်းစိုး(Grand Plaza Park Royal)၊ မကေခိုင်ချစ်(အထက-၁၊ တောင်ဥက္ကလာပ)တို့၏ အဘွားသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက်၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

အမှတ်(၄၂)၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်မြင့် အသက် (၆၁)နှစ် ကွယ်လွန်စဉ်က ဈာပနကိစ္စတွင် လိုက်ပါပို့ဆောင်ပေးကြသော အကြီးအကဲများ၊ တိပိဋကမန္တရက္ခိတ အဖွဲ့နှင့် သာဟိကာအသင်း(ရန်ကုန်)အမှုဆောင်များ၊ ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့် အားပေးခဲ့ကြသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

၂၄-၁-၂၀၀၄(စနေနေ့) နံနက်၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်နေအောင်ကျော်

အသက်(၂၈)နှစ်

(မော်လမြိုင်)

ရန်ကုန်မြို့၊ အမှတ်(၄၉) လေးလွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေးနေ (ဦးရွှေဝင်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခိုင်လင်းမြင့်တို့၏သားငယ်၊ ကိုထက်အောင်ကျော်(Adventure Myanmar Travel & Tours Co., Ltd)-မမေသရဏီဦးတို့၏ ညီ၊ မသဉ္ဇာဇော်(ခ)ဖောင်းဖောင်း၏ အစ်ကိုသည် ၂၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးစိန်ခို(၁၀၂)နှစ်

(ကျိုက်လတ်)

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၇)နေ (ဒေါ်ရီ)၏ ခင်ပွန်း၊ (ဦးစိန်လင်း)-ဒေါ်သန်းမြင့်၊ ဦးတင်စိန်-ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း-ဒေါ်ခင်လေးကြည်(မန်နေဂျာ၊ မြန်မာ့ကျောက်မျက်၊ မိုးကုတ်)၊ ဦးမောင်မောင်အေး(စီမံကိန်းအင်ဂျင်နီယာ၊ သာပေါင်း)-ဒေါ်မြင့်မြင့်ဝေ(လ/ထ မန်နေဂျာ၊ စက္ကူ/ဓာတု)၊ ဦးဇော်မင်းတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယကာကြီး

ဦးလှဝင်း (၈၅)နှစ်

မြန်မာ့မီးရထား(ငြိမ်း)
(ပြင်ဦးလွင်)

(ဦးဆိုင်-ဒေါ်တော်)၏ သား၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ်(၄၇၆/၄၇၇)နေ (ဒေါ်မြကြည်)၊ ဒေါ်နှင်းလွင်၏ ခင်ပွန်း၊ ဦးညွှန့်ဆောင်-ဒေါ်နုနုနွယ်၊ ဦးသောင်းစိန်-ဒေါ်ခင်မြလွင်၊ ဦးကြင်ရွှေ-ဒေါ်ခင်ခင်၊ ဦးဝင်းကျော်-ဒေါ်ခင်နှင်းဝေ၊ ဦးဝင်းမော်-ဒေါ်ရီရီဝင်း၊ (ဒေါ်အေးအေးဝင်း)၊ မောင်ရန်နိုင်ဝင်း၏ မွေးသဖခင်၊ မြေး ၁၆ယောက်၊ မြစ် ကိုးယောက်တို့၏ အဘိုးသည် နေအိမ်၌ ၂၀-၁-၂၀၀၄ရက် နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

Mr. J.D. Voss

အသက်(၆၄)နှစ်

Duisburg Germany
အထွေထွေမန်နေဂျာ၊ ပုဂံဟိုတယ်

ဆွစ်ဇာလန်နိုင်ငံနေ Ms. Marlies Menegalli ၏အမြွှာအစ်ကို၊ Mr. Sandra Rennaနှင့် Stefano Henegalli တို့၏ဦးလေး Mr. J.D. Vossအထွေထွေမန်နေဂျာ၊ ပုဂံဟိုတယ်သည် ၁၈-၁-၂၀၀၄ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ရက် နံနက် ၈း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ အင်းလျားလမ်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဈာပနအခမ်းအနားပြင်ဆင်ပြီးမီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်ဇေယျ

အသက်(၄၀)

မိဘမေတ္တာဆေးဆိုင်(ကြည့်မြင်တိုင်)

ကြည့်မြင်တိုင်၊ ရတနာပုံလမ်းနေ ဦးကျော်ဟိုး-ဒေါ်သင်းရီ(မိဘမေတ္တာဆေးဆိုင်)တို့၏ သားသမက်၊ အုန်းပင်လမ်း၊ အမှတ်(၆၈/၃-က)နေ မအေးသင်းသင်းစိုး၏ ခင်ပွန်း၊ ကိုတင်အေး၊ မလွင်လွင်မာတို့၏မောင်၊ (ကိုကျော်လွင်ဦး)-မဥမ္မာအောင်တို့၏ညီ၊ မတင်တင်မွန်း၏အစ်ကို၊ မသင်းထက်ထက်အောင်(VI-E၊ အထက-၂၊ လသာ)၊ မအေးသန့်သန့်အောင်(II-C၊အထက-၂၊ ကမာရွတ်)တို့၏ ဖခင်၊ ရဲမင်းမောင်(အထက-၁၊ ကမာရွတ်)၊ မထက်ဖူးဝေ(I-A၊ အထက-၁၊ကြည့်မြင်တိုင်)တို့၏ ဦးလေး သည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် YMCဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [နေအိမ်မှကားများ နံနက် ၁၀နာရီတွင် အုန်းပင်လမ်း၊ အမှတ်(၆၈) နေအိမ်မှ ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်ဇေယျ

အသက်(၄၀)

မိဘမေတ္တာဆေးဆိုင်

ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်းနေ ဦးကျော်ဟိုး-ဒေါ်သင်းရီတို့၏ သားငယ်၊ စကားဝါပင်လမ်းနေ ဦးရှိန်မြင့်-ဒေါ်မေသန်းတို့၏ သားသမက်၊ အုန်းပင်လမ်း၊ အမှတ်(၆၈၊ ၃/က)နေ မအေးသင်းသင်းစိုး၏ ခင်ပွန်း၊ မသင်းထက်ထက်အောင် (VI-E၊ အထက-၂၊ လသာ)၊ မအေးသန့်သန့်အောင်(II C၊ အထက-၂၊ ကမာရွတ်)တို့၏ ဖခင်၊ (ကိုအောင်မြတ်မိုး)-မတိုးတိုးရီ၊ကိုကျော်မင်း-မအေးနှင်းနှင်းစိုး၊ ကိုကျော်မိုး-မအေးမင်းမင်းစိုးတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ငါးယောက်တို့၏ ဘကြီးသည် ၂၁-၁-၂၀၀၄ရက်တွင် YMCဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မိုးစိန်(ခ)ဒေါ်ခင်ညွှန့်

အသက်(၈၃)နှစ်

(စစ်တွေ)

စစ်တွေမြို့နေ (ဦးကြာထွန်းဦး-ဒေါ်သန္တာခိုင်)တို့၏ ချွေးမ၊ (ဦးစန်းအောင်-ဒေါ်စိန်ကျော့ဦး)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မင်္ဂလာဇေယျာလမ်း(တာမွေစာတိုက်ရှေ့)၊ အမှတ်(၉)နေ (ဦးအောင်ကျော်)၏ ဇနီး၊ ဦးရွှေကျော်(စာရေးဆရာ ရွှေကျော်ဦး)-ဒေါ်မြညွှန့်၊ ဦးသန်းထွန်း-ဒေါ်လှလှတင်၊ ဦးစိုးပိုင်(ပန်းချီရဲမာန်)-ဒေါ်မြင့်မေ၊ ဒေါ်သင့်သင့်အောင်(သရုပ်ပြ၊ သတ္တဗေဒဌာန၊ဒဂုံတက္ကသိုလ်)၊ ဒေါ်ဖြူဖြူအောင်(JAT၊အထက-၁၊ တာမွေ)-ဦးကျော်မြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘောင်ရှင်၊ မြစ်တစ်ယောက်၏ အဖီးရှင်သည် ၂၁-၁-၂၀၀၄ရက် နံနက် ၁၂း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဂျောလေ (၇၃)နှစ်

လူဝင်မှုကြီးကြပ်ရေးမှူး(ဟောင်း)
အုပ်ချုပ်ရေးအရာထမ်း(ဒု)(ငြိမ်း)
အမှတ်(၂)သတ္တုတွင်းတူးဖော်ရေး
ကော်ပိုရေးရှင်း (ရန်ကုန်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၄၀၄-က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်ခြံရပ်ကွက်နေ (စောမောင်ကျင်-ဆရာမဒေါ်ရွှေလိုင်)တို့၏ သား၊ (ဆရာမနော်လူးဝစ်ကျင်)၊ ဆရာမနော်ရီးနာတို့၏ မောင်၊ (နော်ထူးလူ)၏ ခင်ပွန်း၊ စောထီနေထူး(ကညနတိုင်းရုံး၊ မန္တလေး)-ဒေါ်ဆွေဆွေလွင်၊နော်ထီနေဖော-စောရစ်ချတ်၊ စောထီးနေမှူး၊ စောထီးနေစေး-နော်သောသီ၊ စောထီးနေစိုး(The First Automotive Co., Ltd.)၊ နော်ထီနေထား-စောတာမလာထူး(Grand Plaza)၊ နော်ထီနေသော-စောလေးဒိုး(Savoy Hotel)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၄-၁-၂၀၀၄ရက် နံနက် ၉း၃၀နာရီတွင် ဗင်တန်အောက်မေ့ဖွယ်ရာဘုရားကျောင်းအလုံ အထက-၁၊ကျောင်းအနီးတွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော် (၇၁)နှစ်

မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ မင်္ဂလာဒုံ
(မြင်းခြံ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၅၄/က)နေ ဒေါ်ယဉ်ကျေး(ကျောင်းအုပ်ကြီး၊ ငြိမ်း၊ထနံးတပင်)၏ခင်ပွန်း၊ (ဦးမြဒင်-ဒေါ်စိန်တင်)တို့၏ သား၊ ဒေါ်ဝံသ၏မောင်၊ ဒေါ်ခင်အေးမြင့်၏အစ်ကို၊ ဦးနွယ်အေး၊ ဒေါ်သင်းစပယ်(ရေအရင်းအမြစ်)၊ ဦးအောင်ဇေယျ(Ch: Officer Golden Eagle Company)၊ ဒေါက်တာမိုးသူဇာ(ရန်ကုန်ဆေးရုံကြီး)၊ဗိုလ်မှူးသက်အောင်၊ ဒေါ်ခင်မိုးဝေ၊ ဒေါ်သီတာမွန်(တုန်းတာကုမ္ပဏီ)၊ ဒေါက်တာထွန်းနေအောင်(ရန်ကုန်ဆေးရုံကြီး)၊ ဒေါ်ခင်ဝါဝါကျော်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည်၂၂-၁-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်အေး (၅၅)နှစ်

ဝါးခယ်မမြို့နယ်၊ လက်ခုပ်ကျေးရွာနေ ဦးချစ်ထွန်း-(ဒေါ်မြရှိန်)တို့၏ သမီး၊ (ဦးမောင်လေး-ဒေါ်မရန်)တို့၏ သမီးချွေးမ၊ (ဦးလှမောင်)၏ ချစ်လှစွာသော ဇနီး၊ ဦးစိုးလွင်-ဒေါ်တင်ညွှန့်၊ ဦးလှသောင်း-ဒေါ်စိန်ကြည်၊ ဦးသန်းမြင့်-ဒေါ်လှကြည်တို့၏ ညီမ၊ ဦးသန့်ဇင်-ဒေါ်အေးအေးသန်း၊ (ဦးတင်ဌေး)-ဒေါ်အမာကြည်၊ ဦးကျော်ဝင်း-ဒေါ်အေးမိစံတို့၏ အစ်မ၊ မောင်ကျော်မိုးဦး၊ မစန္ဒာဦး B.Sc(Zoo, 3rd French Part time YUFL)တို့၏ မွေးသမိခင်၊ တူ၊ တူမ ၂၆ယောက်တို့၏ အဒေါ်သည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် အမှတ်(၂၈၁)၊ အောင်ရတနာအရှေ့၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အန္တိမအဂ္ဂိဈာပနပူဇာသဘင်

ဘဒ္ဒန္တ ပဏ္ဏဝမဟာထေရ်

သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

ချောင်းဆုံမြောက်ကျောင်းဆရာတော်

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ တောင်ချောင်းဆုံရွာ၊ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဏဝမဟာထေရ်မြတ်သည် (၁၃၆၄ခု၊ တန်ခူးလဆန်း ၁ရက်)၊ ၂-၄-၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်မှ ၃ရက်) မတ် ၆ရက်မှ ၈ရက်ထိ သုံးရက်တိုင်တိုင် ပင့်သံဃာတော်များအား ဆွမ်း၊ သင်္ကန်းစသော ဒါတဗ္ဗဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းခြင်း၊ စံကျောင်းမဏ္ဍပ်၊ လောင်တိုက်၊ ပြာသာဒ်များဖြင့် အန္တိမအဂ္ဂိဈာပနသာခုကီဠနပူဇာသဘင်ကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းသံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အန္တိမဈာပနကျင်းပရေးကော်မတီ၊ ချောင်းဆုံရွာ၊ တန့်ဆည်မြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပဏ္ဍိတမဟာထေရ်

သိက္ခာတော်(၄၅)ဝါ၊သက်တော်(၈၀)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
ပဓာနနာယကဆရာတော်

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့၊ ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်မှုပြီးဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်)၊ ၇-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်သာခုကီဠန အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

ဆရာတော်ဦးကေတုမာလာနှင့် တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ဥတ္တရမဟာထေရ်

သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၆)နှစ်

မြို့နယ်သံဃနာယကအဖွဲ့ဝင်
နာရေးကူညီမှုအသင်း(ရန်ကုန်)ဩဝါဒါစရိယ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ ဇောတိကာရာမ ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်၊ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ကော့ကရက်ကျေးရွာ၊ခမည်းတော် ဦးစံငြိမ်း-မယ်တော်ဒေါ်ငွေခြိုတို့၏သား၊ ဦးကြာရွှေ-ဒေါ်အေးသန့်၊ ဦးရွှေအုန်း-ဒေါ်ရွှေမြင့်၊ ဦးထွန်းလှ-(ဒေါ်တင်ထွေး)၊ ဦးအုန်းကျော်-ဒေါ်အေးပုတို့၏ နောင်တော်ကြီး ဘဒ္ဒန္တဥတ္တရမဟာထေရ်သည် (၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်)၊ ၂၀-၁-၂၀၀၄ (အင်္ဂါနေ့)ည ၁၀း၄၅နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၃ရက်) ၂၄-၁-၂၀၀၄(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။(ဖြဟ္မဝိဟာရကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ။

ဦးခင်မောင်ဌေး(၅၈)နှစ်

(ရေဦး)

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နေ (ဦးဘမောင်)-ဒေါ်တင်ကြူးတို့၏ သားကြီး၊ (ဦးဘထောင်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ဒေါ်သင်သင်၏ခင်ပွန်း၊ ကိုသွေးဦးဌေး၊ ကိုဇာနည်ဌေး-မကြူကြူ၊ မခင်ကုဌေးကြွယ်ဌေးတို့၏ ချစ်လှစွာသော ဖခင်၊ မအေးပြည့်ဇာနည်၏အဘိုးသည် ၂၁-၁-၂၀၀၄ရက် နံနက် ၁၀း၁၅နာရီတွင် မန္တလေးမြို့ ငြိမ်းဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဦးမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြူကြူမြင့် (၄၃)နှစ်

ငါးလုပ်ငန်းဦးစီးဌာန

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ (၁၆)ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၂၅၈)နေ (ဦးထွန်းရှိန်)-ဒေါ်စန်းကြည်တို့၏ သမီး၊ ဦးကိုမြင့်(မထသ)-ဒေါ်တင်တင်ဝင်း၊ ဦးအောင်ဇော်ဝင်း-ဒေါ်မာမာမြင့်၊ ဦးအောင်ကြိုင်(Myamar Kingfish Ltd)- ဒေါ်မူမူမြင့်(ငါးဦးစီး)တို့၏ ညီမ၊ ဦးဉာဏ်သိန်းမောင်(ပြည်တွင်း ရေကြောင်း)-ဒေါ်မော်မော်မြင့်(မ/ဥ၊ ဘဏ်)၊ တပ်ကြပ်ကြီးထွေးမြင့်၊ ဦးယဉ်ထွေး (အိုး/အိမ်)-ဒေါ်ညိုညိုမြင့်(အိုး/အိမ်)တို့၏ အစ်မ၊ တူ၊တူမ ၁၁ယောက်တို့၏အဒေါ်သည် ၂၁-၁-၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်မြင့်

(စာရေးဆရာမြင့်မောင်မောင်)
B.A (Myanmar)

အသက်(၆၁)နှစ်

အတွင်းရေးမှူး သာကေတမြို့နယ်
စာပေနှင့်စာနယ်ဇင်းအဖွဲ့

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၈)၊ အနော်မာ(၁၈)လမ်းနေ (ဦးဘရင်-ဒေါ်အမာကြည်)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်တင်ညွှန့်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းချို(ဆေးနှင့်ဆေးပစ္စည်း၊ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ တောင်လုံးပြန်ကျောင်းလမ်းနေ (ဦးစံလွင်)-ဒေါ်ရင်ကြည်တို့၏တူ၊ (ဦးလှစိန်) - ဒေါ်မြင့်ရီ(ပုဇွန်တောင်ဈေး)၊ ဦးသန်းကျော်(ပတ္တမြားဈေး)-ဒေါ်ကြည်မြင့်၊ ဦးမြသိန်း(လောကနတ်စာပေ)-ဒေါ်လှမြိုင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ (၄၆)လမ်းနေ (ဦးသန်းအေး)၊ ဒေါ်ယဉ်ကြည်တို့၏ ညီ/မောင်၊ ဦးလှမြင့်၊ ဦးတင်အေး(ကုန်သွယ်/လယ်ယာ)-ဒေါ်မြသွေးတို့၏ အစ်ကို၊ ကိုအောင်မြင့်ကြည်(Seven Mountain Shipping Co.)-မနှင်းသီတာချို၊ ကိုကိုလွင်-မခင်ဝါလှိုင်၊ တပ်သားမောင်အေးနိုင် (အမှတ်-၁၊ တပ်မတော်တပ်ထိန်းတပ်-ရေ)-မနှင်းစန္ဒာချိုတို့၏ဖခင်၊ မောင်ဟိန်းသူရလွင်၊ မောင်ရှင်းသန့်အောင်၊ မောင်သန့်မင်းမောင်တို့၏အဘိုး၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [(၃၃)လမ်း၊ လေထန်ကုန်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပင်းယမြို့ဟောင်း စေတီတော်ပျက်မှ အင်းဝခေတ်လက်ရာ ဆင်းတုတော်များတွေ့ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ အောင်စည်းခုံစေတီတော်ကြီးပြိုကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်ကြီး ပြန်လည်ပြုပြင် ထိန်းသိမ်းရေးနှင့် ပစ္စယာအဆင့်များရှိ ကျန်ရှိနေသေးသော အင်းဝခေတ်လက်ရာ စဉ့်ကွင်းများနှင့် ဖောင်းစည်းများ မပျောက်ပျက်စေရေး၊ စနစ်တကျတူးဖော်ရေးတို့ကို မှာကြားသည်။

လက်ရာကောင်းမွန်

ရှေးဟောင်းသုတေသန ဦးစီးဌာနခွဲ (မန္တလေး)မှ ညွှန်ကြားရေးမှူး(စီမံ) ဦးလှကြီးမောင်မောင်၊ ဦးစီးအရာရှိ ဦးကျော်ရှိန်၊ သုတေသနလက်ထောက် ဦးလှရွှေတို့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။ ယခု ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက် လုပ်ငန်းကာလအတွင်း စေတီတော် ပထမပစ္စယံနှင့် အရံစေတီတော်အနီးရှိမြေများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ★**

ပင်းယမြို့ဟောင်း စေတီတော်ပျက်မှ အင်းဝခေတ်လက်ရာ ဆင်းတုတော်များကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

သတင်း၊ ဆောင်းပါး အညွှန်း

သမ္မတဘုရှ်၏ မိန့်ခွန်းမှာ အမေရိကန် ပြည်သူများအတွက် အဓိပ္ပာယ် မရှိသော မိန့်ခွန်းနှင့် ကတိ စကားများသာဖြစ်ကြောင်း ဒီမိုကရက်များက ဝေဖန်ပြောကြားလိုက်သည်။

(နိုင်ငံတကာသတင်းများ၊ စာ- ၃၄၅)

ပြပွဲလာ ပရိသတ်အလွှာစုံ သည်လည်း တစ်နှစ်ထက်တစ်နှစ် ဗဟုသုတအမြင်များ ကျယ်ပြန့်လာပြီး သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာပိုင်းကို ယခင်ကထက် ပိုမို စိတ်ဝင်စားမှု များလာခဲ့သည်။

[အောင်၏ ဆောင်းပါး၊ စာ-၆]

သူ့ကျွန်မခံလိုသော မြန်မာတို့၏ တော်လှန်မှုသည် ၁၈၈၆ ခုနှစ်မှ ၁၉၀၀ပြည့်နှစ်အထိ အရှိန်အဟုန် ပြင်းထန်ခဲ့။

[ဦးစန်းညိုအောင်၏ ဆောင်းပါး၊ စာ-၇]

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချင်းတွင်း ပင်လယ်သွားအပျော်စီးရေယာဉ်ဖြင့် သွားနိုင်မည့် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်နှင့် အဏ္ဏဝါခရီးစဉ်များ

သတင်းဆောင်းပါး - ကျော်စိန်၊ ဓာတ်ပုံ - အောင်မိုး

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းရှည်လျားစွာတည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် နိုင်ငံသားအများစုမှာ ပင်လယ်နှင့်မရင်းနှီး၊ ပင်လယ်ခရီးသွားရမည်ကိုလည်း စိုးရွံ့ကြသည်။ သို့ဖြစ်ရာ ရေလမ်းခရီး အပျော်စီး အလေ့အကျင့်ရရှိနိုင်စေရန် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ ပံ့ပိုးကူညီမှုကို ရယူပြီး Khin Maung Kyi and Associate Co., Ltd က ချင်းတွင်းပင်လယ်သွားအပျော်စီးရေယာဉ်ဖြင့် ဆလုံရိုးရာပွဲတော်သို့ ခရီးသွားရန် ဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းပင်လယ်သွား အပျော်စီးရေယာဉ်ခရီးစဉ်နှင့် ပတ်သက်၍ တနင်္သာရီတိုင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဆလုံပွဲတော်သို့သင်္ဘောခရီးသွားရောက်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၁ နာရီတွင် ကရဝိက်ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ဆလုံပွဲတော်ကျင်းပမည့် အစီအစဉ်နှင့် လိုအပ်သော ပံ့ပိုးမှုများပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိသည်ကို ရှင်းလင်းပြောပြသည်။

ချင်းတွင်းပင်လယ်သွား အပျော်စီးရေယာဉ် ဆလုံပွဲတော်သို့ သွားရောက်မည့် အစီအစဉ်နှင့် ပတ်သက်၍ ချင်းတွင်းသင်္ဘောလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ကြည်အား ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

ချင်းတွင်း အပျော်စီးရေယာဉ်

ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်၊ မော်တင်စွန်း ဘုရားပွဲတော်နှင့် ငပလီကမ်းခြေ အပန်းဖြေခရီး ထွက်ခွာမည့် ချင်းတွင်း ပင်လယ်သွား အပျော်စီးရေယာဉ်ကြီးကို တွေ့ရစဉ်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)



ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသော မစ္စတာဘန်ကီမွန်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၇၁၉၄